မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဥ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဝိယဝဂ်(ဓမ္မပဒ-၂၁၇)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက် ၂၀၂၁ ခုနှစ်၊ ဇွန် ၁၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၂၅၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ(ပထမအကြိမ်)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်း၊ အဏ္ဏဝါရေပြင်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းသည် နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်

နေပြည်တော် ဇွန် ၉

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံ အုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ (ပထမအကြိမ်)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအင်းကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ(ပထမအကြိမ်)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

မြန်မာပြည်ပညာရေးနှင့် အစွန်းရောက်ဝါဒီများ ဆောင်းပါး စာ ၆

အဂတိကင်းသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ဆောင်းပါး စာ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ၄၉ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး စာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၆/၂၀၂၁) ကျင်းပမည်

နေပြည်တော် ဇွန် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၆/၂၀၂၁) ကို ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

အဏ္ဏဝါသယံဇာတများ မဆုံးရှုံးရေး ပြန်လည်ပြုပြင်ထိန်းသိမ်းကုစား

မြန်မာ့ပင်လယ်ပြင်တွင် ယခုနှစ် ငါးမဖမ်းရ ရာသီကို မေ၊ ဇွန်၊ ဇူလိုင် သုံးလသတ်မှတ်ထားရာ ယခုကာလသည် ငါးဖမ်းရေယာဉ်များ ကမ်းခြေတွင် ဆိုက်ကပ်ရပ်နားနေရချိန်ဖြစ်ပြီး ပင်လယ်ပြင်၌မူ မျိုးငါးကြီးများ သားပေါက်ရန် ပြင်ဆင်လှုပ်ရှားနေကြချိန်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းမှာ စုစုပေါင်းမိုင် ၁၂၀၀ ခန့် ရှည်လျားပြီး ရခိုင်၊ ဧရာဝတီနှင့် တနင်္သာရီဟူသော အပိုင်းသုံးပိုင်းတွင် ပင်လယ်ငါးဖမ်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ၂၀၁၃ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် တိုင်းတာခဲ့သည့် စစ်တမ်းများအရ မြန်မာ့အဏ္ဏဝါရေပြင်၏ ငါးသယံဇာတကြွယ်ဝမှုအခြေအနေမှ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်ကာလနှင့် နှိုင်းယှဉ်လျှင် ရေပေါ်ငါးသယံဇာတသည် ၉၀ ရာခိုင်နှုန်း၊ ရေအောက်ငါးသယံဇာတသည် ၆၀ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ရာ လွန်စွာစိုးရိမ်ဖွယ်အခြေအနေပင်ဖြစ်သည်။

ယင်းသို့သော အခြေအနေဖြစ်ပေါ်ခဲ့ရခြင်းတွင် အကြောင်းရင်းနှစ်ရပ်ရှိရာ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းနှင့် ပင်လယ်ရေထုညစ်ညမ်းခြင်းတို့ကြောင့် ဖြစ်သည်ဟု ပညာရှင်တို့က ဆိုကြသည်။ အကြောင်းရင်းနှစ်ရပ်လုံးမှာလည်း လူသားတို့၏ စည်းကမ်းမဲ့စွာ၊ လောဘကြီးစွာ လုပ်ကိုင်ခဲ့မှုပင်ဖြစ်ရာ ဖြစ်ပေါ်လာသည့် မကောင်းသော အကျိုးဆက်များကို လူသားတို့ပင် ပြန်၍ ခံစားကြရခြင်းဖြစ်သည်။ ပင်လယ်ရေထုညစ်ညမ်းမှု၏ ၈၀ ရာခိုင်နှုန်းသည် ကုန်းတွင်းမှ စွန့်ပစ်လိုက်သော အမှိုက်သရိုက်များ၊ ပလတ်စတစ်၊ ဖောဖောနှင့် တစ်ခါသုံး ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် စက်မှုလုပ်ငန်းမှ စွန့်ပစ်ရေများ၊ မြို့ပြများမှ စွန့်ထုတ်လိုက်သည့် မိလ္လာရေများ ဖြစ်သည်ဟုဆိုရာ မြို့ရွာများအနီးရှိ မြစ်ချောင်းများအတွင်း စွန့်ပစ်မှုများကို ဥပဒေထုတ်ပြန်၍ ထိထိရောက်ရောက်တားဆီးရန် လိုအပ်နေပြီဖြစ်သည်။ ကမ်းရိုးတန်းဒေသ အမှိုက်နှင့် အညစ်အကြေးစွန့်ပစ်သည့်စနစ်များကို ထိရောက်စွာဆောင်ရွက်နိုင်ပါက မြန်မာ့ပင်လယ်ပြင်ညစ်ညမ်းမှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း နော်ဝေသုတေသနအဖွဲ့ (NIVA) ၏ ၂၀၁၁ ခုနှစ်က အစီရင်ခံစာတွင် ဖော်ပြထားခဲ့သည်။

ပင်လယ်ကမ်းရိုးတန်း သယံဇာတများတွင် အဏ္ဏဝါရေထုကြီးနှင့် ရေနေသားငါးသတ္တဝါများ၊ သန္ဓာကျောက်တန်း၊ ပင်လယ် မြက်ခင်း၊ ဒီရေတောနှင့် သဲသောင်ပြင်များ၊ ရေအောက်သယံဇာတ ရေနံ၊ သဘာဝဓာတ်ငွေ့ စသည်တို့ ပါဝင်သည်။ ဒီရေတောများသည် ပင်လယ်ငါး၊ ပုစွန်များနှင့် သားငှက်သတ္တဝါများ ပေါက်ပွားရာ၊ နေထိုင်ကျက်စားရာ ဂေဟစနစ်များပင် ဖြစ်သည်။ မြန်မာနိုင်ငံ ဒီရေတောပေါက်ရောက်မှုသည် အာရှတွင် အဆင့်-၃ ရှိပြီး ကမ္ဘာတွင် အဆင့်-၇ ရှိသည်။ မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အထောက်အကူပြုလျက်ရှိသည့် ဒီရေတောများ ပြုစုပျိုးထောင်မှုကို ဆောင်ရွက်လျက်ရှိရာ ဒီရေတောများ ပျက်စီးပြုန်းတီးမှုကို အဓိကဖြစ်ပေါ်စေခဲ့သည့် ထင်း၊ မီးသွေးထုတ်လုပ်ခြင်း၊ ငါးပုစွန်ကန်များ ဖော်ထုတ်ခြင်းနှင့် အခြားနည်းလမ်းသုံးစွဲမှုများကို တင်းတင်းကျပ်ကျပ် တားဆီးကြရမှာလည်းဖြစ်သည်။

ပင်လယ်ပြင်တွင် ငါးသယံဇာတ အလွန်အမင်း လျော့နည်းကျဆင်းသွားမှုကို ငါးမဖမ်းရရာသီသုံးလ သတ်မှတ်ပြီး လုံးဝငါးမဖမ်းဆီးရေး တားမြစ်ခဲ့ရာ ယင်းနှစ် ငါးဖမ်းရာသီတွင် ငါးအထိအမိ ပြန်လည်ကောင်းမွန်ခဲ့သည့် ရလဒ်ကို ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရစဉ်က ဒီရေတောများရှိရာ ဒေသမှလူများ အသေအပျောက်နည်းခဲ့ရာ ဒီရေတောများ တည်ရှိခြင်း၏ အကျိုးရလဒ်ကို သိရှိခဲ့ကြရသည်။ လူတို့၏ စည်းကမ်းမဲ့မှုများကို လူတို့ကပင် ပြန်လည်ပြုပြင်ထိန်းသိမ်းမှသာ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင်တို့တွင် လူပယောဂကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ကုစားနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ကျင်းပ

နေပြည်တော် ဇွန် ၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးရှု၍ နှစ်စဉ်ကျင်းပသော ဓမ္မာစရိယစာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၉ ဌာန တို့၌ (နဝမနေ့)အဖြစ်လည်းကောင်း၊ ပါဠိပထမပြန် စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ (တတိယနေ့)အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ နဝမနေ့ စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၆၁၇ ပါးအနက် ၂၁၄ ပါး ဖြေဆိုကြသဖြင့် ၃၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၀၂၇၇ ပါး အနက် ၂၉၅၇၆ ပါး ဖြေဆိုကြသဖြင့် ၅၈ ဒသမ ၈၃ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
၁၃၈၃ ခုနှစ် (၂၀၂၁ ခုနှစ်)၊ ဓမ္မာစရိယစာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ
ရက်စွဲ၊ ၉-၆-၂၀၂၁

ဖြေဆိုသည့်ဘာသာ၊ ပါဠိဂုဏ်ထူး(၂)

စဉ်	အကြောင်းအရာ	စာရင်းသွင်း	ဖြေဆို	ပျက်ကွက်	ရာခိုင်နှုန်း
၁။	ဓမ္မာစရိယ	၆၁၇	၂၁၄	၄၀၃	၃၄.၆၈

ပါဠိပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

စဉ်	အကြောင်းအရာ	စာရင်းသွင်း	ဖြေဆို	ပျက်ကွက်	ရာခိုင်နှုန်း
၁။	ပထမကြီး	၈၀၄၉	၄၉၃၇	၃၁၂	၆၁.၃၄
၂။	ပထမလတ်	၉၃၃၉	၅၅၃၀	၃၈၀၉	၅၉.၂၁
၃။	ပထမငယ်	၁၂၁၂၇	၇၃၁၈	၄၈၀၉	၆၀.၃၄
၄။	အခြေပြုမူလတန်း	၂၀၇၆၂	၁၁၇၉၁	၈၉၇၁	၅၆.၇၉
စုစုပေါင်း		၅၀၂၇၇	၂၉၅၇၆	၂၀၇၀၁	၅၈.၈၃

❖ **ခေတ်သစ်နယ်ချဲ့အလိုကျ ရူးရူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြွေလွင့်ကြရမယ်။ မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။**

စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

ပြည်တွင်းစီးပွားရေးကို ထိခိုက်စေနိုင်သည့် ကုန်သွယ်မှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လို

ပြည်တွင်းစက်မှုလုပ်ငန်းများ အားပေးဆောင်ရွက်မှုနှင့်ပတ်သက်၍ တိုင်းချစ်၊ ပြည်ချစ်စိတ်ဖြင့် ပြည်တွင်းဖြစ်ကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပြည်တွင်းစီးပွားရေးကို ထိခိုက်စေနိုင်သည့် ကုန်သွယ်မှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

❖ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် ဦးခင်မောင်ရီ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ပထမအကြိမ် အစည်းအဝေးဖြစ်

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သဘာဝသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏ ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိုရှေးရှု၍ ၂၀၂၁ ခုနှစ်၊ ဧပြီ (၂) ရက်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၉၅ /၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော "နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ"၏ ပထမအကြိမ် အစည်းအဝေးဖြစ်ကြောင်း။

အဖိုးတန်သယံဇာတများဖြစ်

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသည် ကီလိုမီတာ (၁၉၃၀)၊ [မိုင် (၁၂၀၀)]ရှည်လျားကြောင်း၊ ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် ပင်လယ်ကမ်းရိုးတန်းဒေသရှိသော နိုင်ငံများ၏ အဖိုးတန်သယံဇာတများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်(၁၀)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင် ဗဟိုကော်မတီသည် အစည်းအဝေး(၇)ကြိမ် ကျင်းပခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်ပေါင်း (၅၄)ချက် ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ဆောင်ရွက်ပြီး (၄၇)ချက်၊ ဆောင်ရွက်ဆဲ (၇) ချက်ရှိခဲ့ပြီး ဆောင်ရွက်ဆဲ အချက်များသည်လည်း ရေရှည် ဆက်လက်ဆောင်ရွက်နေရမည့်အချက်များဖြစ်ပါကြောင်း။

ဗဟိုကော်မတီ၏ အစည်းအဝေးများ ပုံမှန်ကျင်းပနိုင်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအခြေအနေကြောင့် အစည်းအဝေးများ မကျင်းပနိုင်ခဲ့သည့်အတွက် ဗဟိုကော်မတီလမ်းညွှန်ချက်များကို အချိန်နှင့် တစ်ပြေးညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

သက်ဆိုင်သည့်ပန်းတိုင်ဖြစ်

ယနေ့ ကမ္ဘာတွင် နေ့စဉ်နှင့်အမျှ လူဦးရေတိုးပွား

○ ပင်လယ်ရေထုညစ်ညမ်းမှုများသည် အဏ္ဏဝါရေပြင်ကို များစွာထိခိုက်စေခြင်းကြောင့် သန့်ရှင်းသည့် ငါးသယံဇာတများ ရေရှည်တည်တံ့စွာထုတ်ယူနိုင်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲ ပေါများကြွယ်ဝမှုနှင့် လူသားတို့၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများကို ခြိမ်းခြောက်လျက်ရှိ

လာပြီး လူနေထိုင်မှုဘဝပုံစံများ တိုးတက်ပြောင်းလဲနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မြို့ရွာများ၊ လူနေမှုစနစ်များ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ စီမံခန့်ခွဲနိုင်မှသာလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံအပါအဝင် နိုင်ငံအသီးသီးအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေကြကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(၁၇)ရပ်ရှိရာ ပန်းတိုင်(၁၄)သည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့်ပန်းတိုင်ဖြစ်ကြောင်း။

အဓိကအထောက်အပံ့ပြုနေ

ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပန်းတိုင်(၁၄) နှင့်ပတ်သက်သည့်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာ ရေထု၏အပူချိန်၊ ပင်လယ်ရေစီးကြောင်း၊ ရေနေသတ္တဝါနှင့် ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ ရှင်သန်ရပ်တည်နိုင်ရန် အဓိကအထောက်အပံ့ပြုနေသည့် အခြေခံအကြောင်းတရားများ ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ လူဦးရေ သန်းပေါင်းသုံးထောင်ကျော်၏ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်များသည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများအပေါ် မှီခိုရှင်သန်နေရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ငါးသယံဇာတ၏ ၃၀ ရာခိုင်နှုန်းခန့်သည် အလွန်အကျွံ ထုတ်ယူသုံးစွဲခဲ့ကြပြီးဖြစ်သည်ကို သိရကြောင်း၊ အဆိုပါ ရာခိုင်နှုန်းတွင် မြန်မာ့ကမ်းရိုးတန်းရှိ ငါးသယံဇာတ ထုတ်ယူသုံးစွဲမှုလည်း အပါအဝင်ဖြစ်ကြောင်း။

ကမ်းရိုးတန်းဒေသများတွင် အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများကြောင့် ငါးသယံဇာတများ သိသိသာသာလျော့နည်းပြုန်းတီးလာသည့်အပြင် ပင်လယ်ရေထုညစ်ညမ်းမှုများသည်လည်း ငါးသယံဇာတနှင့် ဂေဟစနစ်များကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ ပင်လယ်ရေထုတွင် တွေ့ရှိရသည့် အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် အဓိကအားဖြင့် ကုန်းတွင်းပိုင်းမှ စွန့်ပစ်သည့်ပစ္စည်းများဖြစ်ကြောင်း။

ဂေဟစနစ်များကိုထိခိုက်

ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေထုညစ်ညမ်းမှုများကိုဖြစ်ပေါ်စေသည့် စွန့်ပစ်ပစ္စည်းများသည် ကမ္ဘာ့ဝင်ရိုးစွန်းမှ အီကွေတာအထိ၊ မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ကမ်းခြေများမှတစ်ဆင့် နိုင်ငံတကာ ရေပိုင်နက်များအထိ၊ ပင်လယ်ရေမျက်နှာပြင်မှ တစ်ဆင့် ပင်လယ်ကြမ်းပြင်အထိ ပျံ့နှံ့ရောက်ရှိပြီး ပင်လယ်ရေထုအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ နေရင်းဒေသများနှင့် ဂေဟစနစ်များကို ထိခိုက်ပျက်စီးစေလျက်ရှိကြောင်း၊ ပင်လယ်ရေထုအတွင်း ရောက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများ၏ အများစုသည် ပလတ်စတစ်ပစ္စည်းများဖြစ်ပြီး ထုပ်ပိုးပစ္စည်းများ၊ ဖောဘူးကဲ့သို့သော တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများနှင့် စွန့်ပစ်ငါးဖမ်းပိုက်များဖြစ်ကြောင်း၊ မိလ္လာစွန့်ပစ်ရည်များ၊ ဓာတ်မြေဩဇာများ၊ ဓာတုပစ္စည်းများ စွန့်ထုတ်ခြင်းများကြောင့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေထုကို ညစ်ညမ်းစေလျက်ရှိကြောင်း၊ ပင်လယ်ရေထုညစ်ညမ်းမှုများသည် အဏ္ဏဝါရေပြင်ကို များစွာထိခိုက်စေခြင်းကြောင့် သန့်ရှင်းသည့် ငါးသယံဇာတများ ရေရှည်တည်တံ့စွာ ထုတ်ယူနိုင်မှု၊ စားနပ်ရိက္ခာ ဖူလုံမှု၊ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲ ပေါများကြွယ်ဝမှုနှင့် လူသားတို့၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများကို ခြိမ်းခြောက်လျက်ရှိကြောင်း။

သေကျေပျက်စီးပြန်းတီးလျက်ရှိ

ပင်လယ်ရေထုအတွင်း ရောက်ရှိလာသည့် ပလတ်စတစ်ကဲ့သို့သော စွန့်ပစ်ပစ္စည်းများကို အဏ္ဏဝါသက်ရှိသတ္တဝါများက အစားအစာအဖြစ် မှားယွင်းစားသုံးမိခြင်းကြောင့် အစာလမ်းကြောင်းအတွင်း ပလတ်စတစ်များ ပိတ်ဆို့ကာ သေဆုံးသည်အထိ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ စွန့်ပစ်ငါးဖမ်းပိုက်များတွင်လည်း ငါးနှင့် ပင်လယ်သတ္တဝါများ ငြိတွယ်ပိတ်မိကာ သေကျေပျက်စီးပြန်းတီးလျက်ရှိကြောင်း၊ အလားတူ စွန့်ပစ်ပစ္စည်းများ စုပုံဖုံးအုပ်ခြင်းများကြောင့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါသဘာဝအရင်းအမြစ်များဖြစ်သည့် ဒီရေတော၊ သန္ဓာကျောက်တန်း၊ ပင်လယ်မြက်ခင်း၊ မြစ်ဝကျွန်းပေါ်နှင့် သဲသောင်ကမ်းခြေများ ထိခိုက်ပျက်စီးလျက်ရှိကြောင်း။

ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေထုအတွင်း ဆီယိုဖိတ်မှုများကြောင့်လည်း ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေထုကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးသင်္ဘောများတွင် တပ်ဆင်ထားသော စွမ်းအားမြင့် အသံလှိုင်းထုတ်လွှင့်စက်များကြောင့်လည်း ကမ္ဘာ့အဏ္ဏဝါရှာပါး နို့တိုက်သတ္တဝါမျိုးစိတ်ဖြစ်သော ဝေလငါးများ၏ အစာရှာဖွေစားသောက်စနစ်၊ မိတ်လိုက်စနစ်များနှင့် အခြားအရေးကြီးသော အပြုအမူများကို ဖျက်ဆီးဟန့်တားမှုများ ဖြစ်ပေါ်စေရုံသာမက အဏ္ဏဝါကျောရိုးမဲ့သတ္တဝါများကို သေစေနိုင်သည်အထိ ဖြစ်ပေါ်စေလျက်ရှိကြောင်း။

ကြုံတွေ့နေရသည့်အန္တရာယ်

အပြည်ပြည်ဆိုင်ရာ သဘာဝဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (International Union for the Conservation of Nature – IUCN) ၏ ၂၀၂၀ ပြည့်နှစ် ထုတ်ပြန်ချက်စာရင်းများအရ အဏ္ဏဝါနို့တိုက်သတ္တဝါများ၏ ၂၅ ရာခိုင်နှုန်း၊ ပင်လယ်ငှက်များ၏ ၂၇ ရာခိုင်နှုန်းနှင့် သန္ဓာကျောက်တန်းများ၏ ၂၇ ရာခိုင်နှုန်းသည် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်ပေါ်လျက်ရှိသည့်အပြင် နောင်လာမည့် ၂၁၀၀ ပြည့်နှစ်တွင် အဏ္ဏဝါမျိုးစိတ်၏ ထက်ဝက်ကျော်ခန့် မျိုးသုဉ်းပျောက်ကွယ်လိမ့်မည်ဟု ခန့်မှန်းထားကြကြောင်း၊ အဆိုပါ အန္တရာယ်သည် မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကြုံတွေ့နေရသည့် အန္တရာယ်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် စိန်ခေါ်မှုဖြစ်ကြောင်း။

သုံးသပ်လေ့လာဖော်ပြနေ

ကိုဗစ် - ၁၉ ကပ်ရောဂါ ဘေးကြောင့်လည်း ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများအပေါ် ဆိုးကျိုးသက်ရောက်မှု များစွာရှိနိုင်ကြောင်း၊ ယခုဆိုလျှင် ကိုဗစ် - ၁၉ ကပ်ရောဂါ တားဆီးကာကွယ်ထိန်းချုပ်ရေးဆိုင်ရာပစ္စည်းများဖြစ်သော တစ်ခါသုံးနာခေါင်းစည်းများ၊ လက်အိတ်များနှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများ စသည့်စွန့်ပစ်ပစ္စည်းများကိုလည်း ပင်လယ်နှင့် သမုဒ္ဒရာများအတွင်း စုပြုံစွန့်ပစ်ခြင်းများ ရှိနေသည့်အတွက် ပင်လယ်သမုဒ္ဒရာညစ်ညမ်းမှုပုံစံသစ်တစ်မျိုးအဖြစ် သုံးသပ်လေ့လာဖော်ပြနေကြကြောင်း။

ထို့ကြောင့် ကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသည့် ကိုဗစ်- ၁၉ ကပ်ရောဂါဆိုင်ရာ စိန်ခေါ်မှုများနှင့် အခက်အခဲများကို အထူးအာရုံစိုက် ဖြေရှင်းနေကြရသည့်ကာလတွင် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပြည့်ဝစေရန်၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရန်၊ ပင်လယ်ရေထုညစ်ညမ်းမှုနှင့် ၎င်းနှင့် ဆက်စပ်နေသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ကာကွယ်နိုင်စွမ်းအားများ မြှင့်တင်နိုင်ရန်တို့အတွက် ရေရှည်

စာမျက်နှာ ၄ သို့

“ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ရပ်ဆိုင်းထားရသည့် ကမ်ရိုးတန်းနှင့် အဏ္ဏဝါသယံဇာတ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန်၊ ပင်လယ်ရေထုညစ်ညမ်းမှုကင်းစင်ရေးဆိုင်ရာလုပ်ငန်းများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ”

စာမျက်နှာ ၃ မှ

စီမံချက်များ ချမှတ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပန်းတိုင် (၁၄) ကို နိုင်ငံတကာနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံအဆင့် တွင်လည်း မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) ကို ချမှတ်ပြဋ္ဌာန်း၍ ၎င်း၏ ပန်းတိုင် (၅) ဖြစ်သည့် “နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်” တွင်လည်း ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင်အပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထား၍ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်း၊ အဏ္ဏဝါရေပြင်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းသည် နိုင်ငံသားတိုင်း၏ အမျိုးသားရေး တာဝန်တစ်ရပ် ဖြစ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင်ကာကွယ်ရေးသည် တပ်မတော် (ရေ) အပါအဝင် နိုင်ငံသူ နိုင်ငံသားများအားလုံး ဝိုင်းဝန်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည့် တာဝန်တစ်ရပ်ဖြစ်ကြောင်း။

ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ရပ်ဆိုင်းထားရသည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတကာကွယ်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရန်၊ ပင်လယ်ရေထုညစ်ညမ်းမှု ကင်းစင်ရေးဆိုင်ရာ လုပ်ငန်းများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ မိမိတို့ နယ်မြေဒေသအလိုက်၊ ဝန်ကြီးဌာနများအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ဆောင်ရွက်ဆဲနှင့် ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ပွင့်လင်းစွာ ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

အသိပညာပေးဗီဒီယိုကိုပြသ

ထို့နောက် ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာညီညီကျော်က ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ယခင်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ မြန်မာ့ကမ်းရိုးတန်းသယံဇာတများနှင့် ဝန်ဆောင်မှုများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုများနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုများ၊ ဒီရေတောများ စီမံအုပ်ချုပ်မှုနှင့် ဒီရေတောဂေဟစနစ် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ၊ ရေထုညစ်ညမ်းမှုဆိုင်ရာ ကာကွယ်ခြင်းလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ငါးသယံဇာတထိန်းသိမ်းခြင်းနှင့် ငါးရိက္ခာဖူလုံရေးလုပ်ငန်းဆောင်ရွက်မှု၊ အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

အရှိန်အဟုန်မပျက်ဆောင်ရွက်

ယင်းနောက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပင်လယ်ကမ်းရိုးတန်းဒေသများရှိ သယံဇာတများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ထုတ်ယူသုံးစွဲခြင်းနှင့် အသုံးချခြင်းများသည် လက်ရှိပစ္စုပ္ပန်နှင့် အနာဂတ် မျိုးဆက်များ ရေရှည်သုံးစွဲနိုင်ရေးအတွက် သုံးစွဲသူနှင့် ထူထောင်သူများ သဟဇာတဖြစ်ရန် အရေးကြီးကြောင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ မွေးမြူရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ သယံဇာတထုတ်လုပ်မှု၊ စက်မှုလုပ်ငန်းနှင့် တည်ဆောက်ရေးလုပ်ငန်းများသည် ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် ရေရှည်အကျိုးသက်ရောက်မှုရှိသည့်အတွက် ထည့်သွင်းတွက်ချက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ရေရှည်အကျိုးစီးပွားကို ရည်မှန်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒီရေတော စိုက်ခင်းများ တည်ထောင်ခြင်း၊ ကြိုးဝိုင်းကြိုးပြင်တောများ ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းခြင်း၊ အဏ္ဏဝါသဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ဆောက်ခြင်း၊ အဏ္ဏဝါတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများ တည်ထောင်ခြင်းများကို စီမံချက်ချ၍ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ်းဝေးငါးဖမ်းလှေများတွင် ပင်လယ်လိပ်များ ဖမ်းမိပါက လွတ်မြောက်ရေး ကိရိယာများ တပ်ဆင်၍ ထိန်းသိမ်းကြီးကြပ် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ငါးဖမ်းသင်္ဘောများမှ ပလတ်စတစ်အသုံးအဆောင်များ၊ ငါးဖမ်းကိရိယာများ၊ ငါးဖမ်းပိုက်ဟောင်းများ ပင်လယ်အတွင်းသို့ စွန့်ပစ်မှု မရှိစေရေးနှင့် စွန့်ပစ်၍ ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ပင်လယ်နှင့် ဆက်စပ်နေသူများ သိရှိရန် အသိပညာပေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်း၊ ကာဗွန်ထုတ်လုပ်မှုလျော့ချခြင်း လုပ်ငန်းစဉ်များအတွက် သဘာဝအခြေခံ ဖြေရှင်းနည်းလမ်းများဖြင့် တတ်နိုင်သမျှဆောင်ရွက်ရန်နှင့် ဒီရေတောဂေဟစနစ်များ ထိခိုက်ပျက်စီးမည့် ကိစ္စရပ်များကို ထိရောက်စွာ ကာကွယ်တားဆီးရမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်(၁၀)ရပ်အပေါ် မိမိတို့၏လုပ်ငန်း အတွေ့အကြုံများကို အခြေခံ၍ ကော်မတီ၏ရည်ရွယ်ချက်များအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ကမ်းရိုးတန်း သယံဇာတများကို ရေရှည်တည်တံ့စေရေးအတွက် အကျိုးဆက်စပ် ပါဝင်ပတ်သက်သူများအားလုံး ပါဝင်သည့် ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်းကို ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အစည်းအဝေး (၂/၂၀၂၁) ကျင်းပ

နေပြည်တော် ဇွန် ၉

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး ၂ /၂၀၂၁ ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရခိုင်ပြည်နယ်အတွင်း IDP စခန်းများ ပိတ်သိမ်းနိုင်ရေး၊ ပြောင်းရွှေ့နေရာချထားရေးအတွက် အမျိုးသားအဆင့်ကော်မတီအနေဖြင့် မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်နှင့် အမ်းမြို့နယ်များ၌ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရှမ်းပြည်နယ်အတွင်းရှိ နမ့်ဆန်မြို့နယ်၊ နမ္မတူမြို့နယ်၊ သီပေါမြို့နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူဒေသရှိ နေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ပေးနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီတို့က ပူးပေါင်းစီမံ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကျောက်ဖြူမြို့နယ်၊ ကျောက်တစ်လုံး IDP စခန်းရွှေ့ပြောင်းရေးနှင့် စပ်လျဉ်း၍ နေအိမ်၊ ရေ/ မီးသွယ်တန်းခြင်း၊ ကျောက်ချောလမ်း၊ မြေလမ်းတာပေါင်အဆင့်မြှင့်တင်ခြင်း၊ မြေယာလျော်ကြေး

ပေးခြင်း စသည့်လုပ်ငန်းများအား အဆင့်လိုက် စီမံဆောင်ရွက်သွားရမည့် အခြေအနေ၊ ယာယီခိုလှုံရာစခန်းများမှ နေရပ်ပြန်သူများအတွက် လတ်တလော လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီထောက်ပံ့ကူညီပေးရေးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် လိုအပ်လာနိုင်မည့် လုပ်ငန်းစဉ်များကို ကြိုတင်မှန်းဆ၍ ဘဏ္ဍာငွေများ ကြိုတင်လျာထားဆောင်ရွက်ရေး၊ နိုင်ငံတကာ အလှူရှင်များ၊ ပြည်တွင်း အလှူရှင်များမှ လှူဒါန်းမှုများအား စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ရေး၊ နေရပ်စွန့်ခွာသူများနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုသည့် ဒေသများတွင် နေထိုင်သူများအတွက် လူမှုပဋိပက္ခများ လျော့နည်းပျောက်စေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိစွာဖြင့် မှီခိုမှုကင်းသည့် လူနေမှုပတ်ဝန်းကျင် ပြန်လည်တည်ဆောက်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ကော်မတီအသီးသီးက ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် စပ်လျဉ်း၍ နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှု၊ ရပ်ရွာအခြေပြုနှင့် သင်တန်းကျောင်းအခြေပြု အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနေမှု၊ လူမှုသဟဇာတ (SOCIAL HARMONY)၊ လူမှုရေးပေါင်းစည်းမှု (SOCIAL COHESION) ဆိုင်ရာကိစ္စရပ်များ၊ IDP Camp များတွင် အချက်အလက်ကောက်ယူခြင်း၊ လူမှုရေးဆိုင်ရာ ပံ့ပိုးမှုအခြေအနေများ၊ IDP စခန်းများတွင် နေထိုင်စဉ်ကာလများ၌ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုဆိုင်ရာကိစ္စရပ်များ၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် လတ်တလော ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများ၊ နေရပ်စွန့်ခွာသူများနှင့် ဒေသတွင်း ပြန်လည်နေထိုင်လိုသူများအတွက် လတ်တလော လိုအပ်သည်များ ထောက်ပံ့ကူညီပေးမှု အခြေအနေများကို ဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့် ကော်မတီဝင်များ၊ ပြည်နယ်အဆင့် ကော်မတီများမှ တာဝန်ရှိသူတို့က ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၉

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၁/၂၀၂၁) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ဝဲပုံ)

ဖြည့်စွက်ဆွေးနွေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီဝင်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် ကုလသမဂ္ဂစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ UNCTFMR တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များနှင့် သက်ဆိုင်ရာ ရုံး/ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရုရှား- မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဇွန် ၉

ရုရှား- မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် အစည်းအဝေး ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ မြန်မာဘက်မှ ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ပူးတွဲကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပူးတွဲကော်မရှင် ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပူးတွဲကော်မရှင်၏ အတွင်းရေးမှူးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ရုရှား-မြန်မာနှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ရေးဆွဲထားခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာ ဌာနအလိုက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ရုရှား-မြန်မာနှစ်နိုင်ငံ အချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပဂ္ဂလိကကဏ္ဍ စီးပွားရေး တွေ့ဆုံညှိနှိုင်းမှု အစီအစဉ် ကျင်းပရေး ကိစ္စရပ်များကို လည်းကောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ ရေးဆွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များ နှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးသည်။

သတင်းစဉ်

Electric Vehicle များ တင်သွင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များ ဆွေးနွေးသုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၉

Electric Vehicle များ တင်သွင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များ ဆွေးနွေးသုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးညွန့်အောင်က Electric Vehicle (မော်တော်ယာဉ်၊ စကူတာမော်တော်ဆိုင်ကယ်) များကို လောင်စာစွမ်းအင်များ လျော့ချရန်နှင့် ကာဗွန်ထုတ်လုပ်မှု လျော့ချရန် အတွက်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ညစ်နွမ်းမှုကို လျော့ကျစေရန်အတွက် လည်းကောင်း၊ နိုင်ငံအတွင်းရှိ မြို့ကြီးများတွင် မြို့ပြအင်ဂျင်နှင့် ညီစေရန်အတွက်လည်းကောင်း၊ မော်တော်ယာဉ် ကဏ္ဍတိုးတက်စေရန်နှင့် သန့်ရှင်းသည့် သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်ထွန်းစေရန်အတွက် လည်းကောင်း တင်သွင်းခွင့်ပြုထားသော်လည်း လိုအပ်ချက်များကြောင့် တင်သွင်းမှုအနည်းငယ်သာရှိကြောင်း၊ ထို့အတွက် Electric Vehicle (မော်တော်ယာဉ်၊ စကူတာမော်တော်ဆိုင်ကယ်) များ တင်သွင်းရန်အတွက် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ Electric Vehicle (မော်တော်ယာဉ်၊ စကူတာမော်တော်ဆိုင်ကယ်) များ တင်သွင်းမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနအလိုက် အခွန်နှုန်းထား ပြန်လည်သုံးသပ် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ မော်တော်ဆိုင်ကယ် Show Room ၊ Sale Center များ ဖွင့်လှစ်၍ စက်တပ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များကို အချိုးကျတင်သွင်းနိုင်မည့် အခြေအနေများ၊ Electric Vehicle (မော်တော်ယာဉ်၊ စကူတာမော်တော်ဆိုင်ကယ်) များအတွက် လိုအပ်ချက်များကို Pilot Project အနေဖြင့် နေရာဒေသ ရွေးချယ်ဆောင်ရွက်သင့်သည့် အခြေအနေများ၊ Charging Station များ တည်ဆောက်ရေးကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တင်သွင်းမည့် Electric Vehicle (မော်တော်ယာဉ်၊ စကူတာမော်တော်ဆိုင်ကယ်) များအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ချက်ဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၉

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၇ ဒသမ ၁၃ လက်မ၊ ပေါင်မြို့တွင် ၅ ဒသမ ၇၅ လက်မ၊ မုဒုံမြို့တွင် ၅ ဒသမ ၀၄ လက်မ၊ ချောင်းဆုံမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ပုသိမ်မြို့တွင် ၄ ဒသမ ၀၅ လက်မ၊ ဖောင်းပြင်မြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ မော်လမြိုင်မြို့နှင့် လောင်းလုံးမြို့တို့တွင် ၃ ဒသမ ၂၇ လက်မစီ၊ သထုံမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ကြာအင်းဆိပ်ကြီး (လှိုင်းဘွဲမြို့နယ်)တွင် ၃ ဒသမ ၀၄ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၈၃ လက်မနှင့် မိုးကုတ်မြို့တွင် ၂ ဒသမ ၈၀ လက်မတို့ ဖြစ်ကြသည်။

မိုး/၈လ

မြန်မာပြည် ပညာရေးနှင့် အစွန်းရောက်ဝါဒီများ

ဒေါက်တာ ရင်ရင်နွယ်

မြန်မာနိုင်ငံရှိ အခြေခံပညာရေးကျောင်းများကို ပြန်ဖွင့်မည်ဟု ကြေညာခဲ့သည့်အချိန်မှစ၍ ကလေးများကျောင်းမတက်စေရန် ခြိမ်းခြောက်မှုနှင့် အကြမ်းဖက်မှု အမျိုးမျိုးဖြစ်ပေါ်နေသည်မှာ အများအသိပင်ဖြစ်သည်။

အကြမ်းဖက်သမားများက ကျောင်းများကို မီးရှို့ဖျက်ဆီးကြသည်။ ပုံးဖောက်ခွဲကြသည်။ ဝန်ထမ်းများကို သတ်ဖြတ်သည်။ တရားခံများကို ဖမ်းမိသည်မှာ များသည်။ ထိုဖမ်းမိသော အကြမ်းဖက်သမားများမှာ NUG/PDF/CRPH အဖွဲ့များကို ထောက်ခံသူများနှင့် ယင်းအဖွဲ့များက စေခိုင်းသည်ဟု ဝန်ခံကြသည်။ မေလ ၃၀ ရက်နေ့တွင် NLD ပါတီနှင့် ဆက်နွယ်နေသူတစ်ဦးက ကလေးများ ကျောင်းတက်လျှင် လက်ပြတ်ခြေပြတ်ဖြစ်လိမ့်မည်ဟုပင် ခြိမ်းခြောက်ခဲ့သည် **(အညွှန်း ၁)**။

အစိုးရကိုဆန့်ကျင်သူများကလည်း ဤသို့သော အကြမ်းဖက်မှုများသည် တရားမျှတသည်ဟု ယုံကြည်ကြ၍ အားပေးလှုံ့ဆော်ကြသည်။ ထိုသူတို့က "စစ်ကျွန်ပညာရေး" နှင့် "သုံးစားမရသော ပညာရေး" ဟုပြောဆို၍ မိဘများကို ကျောင်းမထားရန် တိုက်တွန်းကြသည်။

"စစ်ကျွန်ပညာရေး" ဟုခေါ်ဝေါ်ခြင်း

မြန်မာပြည်တွင် ပေါက်ဖွားကြီးပြင်းလာပြီး ယနေ့ အသက် ၃၀ နှင့်အထက်ရှိသူ အများစုမှာ ၁၉၆၂ ခုနှစ်မှစ၍ မဆလ ခေတ် ပညာရေးစနစ်နှင့် နဝတ/နယက ခေတ် ပညာရေးစနစ်တို့တွင် ကျောင်းနှင့် တက္ကသိုလ် တက်ခဲ့ကြသည်။ ၂၀၁၁ မှ ၂၀၁၅ ခုနှစ် ဦးသိန်းစိန်နှင့်ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ဦးဆောင်သောအစိုးရခေတ်၌ မြန်မာပညာရှင်များ ဖော်ထုတ်ခဲ့သော ပညာရေးပြုပြင်ပြောင်းလဲခြင်း ပေါ်လစီများအရ ကျောင်းသင်ရိုးညွှန်းတမ်းအသစ်တို့ကို စတင်ရေးဆွဲခဲ့သည်။

NLD ဦးဆောင်သော ၂၀၁၆ –၂၀၂၀ အစိုးရခေတ်တွင် အသုံးပြုလာသော ကျောင်းသင်ရိုးညွှန်းတမ်းအသစ်သည်လည်း ဦးသိန်းစိန်အစိုးရခေတ်က သင်ရိုးညွှန်းတမ်း တစ်စိတ်တစ်ပိုင်းပါသည်။ ထို့ပြင် ဦးသိန်းစိန်အစိုးရခေတ်တွင် အတည်ပြုခဲ့သော တိုင်ရင်းသား ဘာသာစကားများ ကျောင်းချိန်တွင် သင်ကြားရေး၊ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေးအစရှိသည့် ပေါ်လစီမြောက်မြားစွာမှာ ကောင်းမွန်မှန်ကန်သဖြင့် NLD ဦးဆောင်သော အစိုးရလက်ထက်တွင် ဆက်လက်အသုံးပြုခဲ့သည်။ ထိုကဲ့သို့လည်း ဖြစ်သင့်သည်။ ပညာရေးဟူသည်မှာ ပါတီနိုင်ငံရေးအရ လိုက်မပြောင်းသင့်ပါ။

သို့ဖြစ်၍ ၁၉၆၂ ခုနှစ်မှစ၍ ယနေ့အထိ အသုံးပြုသော ပညာရေးစနစ်များသည် တစ်နည်းမဟုတ်

၂၀၁၈ခုနှစ် ပါကစ္စတန် တာလီဘန်များ ရှင်သန်သော ခိုင်ဘာပတ်ခ် တွန်းခွား ပြည်နယ်တွင် ကျည်ကာကား Bullet-proof car နှင့် ကွင်းဆင်းခဲ့ပါသည်။ သာမန်ကားနှင့် တူသော်လည်း တံခါးများမှာ အလွန်လေး၍ ပြတင်းပေါက်များမှာ ဖွင့်မရပါ။

တစ်နည်း စစ်အစိုးရ သို့မဟုတ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအစိုးရနှင့် ဆက်စပ်နေသည်ဟု ဆိုနိုင်သည်။ "စစ်ကျွန်ပညာရေး" ဟုခေါ်ချင်ခေါ်၊ ကျွန်မအပါအဝင် မြန်မာအများစုမှာ ဤပညာရေးစနစ်အတွင်း ပညာဆည်းပူးခဲ့ကြသည်။ "စစ်ကျွန်ပညာရေး"ကို ဆန့်ကျင်သူတို့သည် မိမိတို့ကိုယ်တိုင် ဤပညာရေးစနစ်အတွင်း ပညာဆည်းပူးလာခဲ့သည့်သူများဖြစ်သည်။

"သုံးစားမရသော ပညာရေး" ဟုခေါ်ဝေါ်ခြင်း

မြန်မာပြည် မဆလ၊ နဝတ / နယက ပညာရေးစနစ်များမှ ထွက်လာသူအချို့သည် နိုင်ငံခြား ပညာတတ်များနှင့် ယှဉ်နိုင်ရုံသာမက သာလွန်သော အဆင့်၌ ရှိကြသည်။ ထိုသူတို့မှာ နိုင်ငံခြားတွင်ဖြစ်စေ၊ မြန်မာပြည်တွင်ဖြစ်စေ အလုပ်ခွင်တွင် ထူးချွန်၍ ထိပ်သို့ရောက်သည်။ နိုင်ငံခြားသားများ လေးစားရသော ပညာရှင်များ၊ နိုင်ငံတကာအဆင့် ဆုံးဖြတ်ချက်ချနိုင်သူများ ဖြစ်လာကြသည်။ သို့သော် နိုင်ငံခြားထွက်၍ မအောင်မြင်သူများလည်းရှိသည်။ နိုင်ငံခြားတွင် ကျောင်းတက်ခဲ့ပါလျက် ဘွဲ့မရဘဲ ပြန်လာရခြင်း၊ မကြိုက်မနှစ်သက်သော သာမညောင်ညာအလုပ်များဖြင့်သာ တင်းတိမ်ရခြင်းအစရှိသော သူများကိုလည်း ကြုံဖူးသည်။

ဆိုလိုသည်မှာ မြန်မာ့ပညာရေးစနစ်သည် အားနည်းချက်များရှိသော်လည်း "သုံးမရ" ဟု သိမ်းကျုံး၍ ပြောလို့မရပေ။ ထိုသို့ သိမ်းကျုံးပြောနေသော မြန်မာပြည်ပေါက်များသည် ကိုယ်ပိုင်အရည်အချင်းနှင့် ကြိုးစားမှုတို့ကို ပြန်မဆန်းစစ်ဘဲ မိမိရည်မှန်းသလောက် မအောင်မြင်သည့်အတွက် စနစ်ကို အပြစ်တင်နေခြင်းဖြစ်သည်။

မိမိသင်ကြားခဲ့သော ဘာသာရပ်ကို လုပ်ငန်းခွင်တွင် တိုက်ရိုက်ပြန်မသုံးနိုင်သဖြင့် "သုံးစားမရသော ပညာရေး" ဟု ပြောဆိုပါက လွဲမှားမည်။ မည်သည့် နိုင်ငံတွင်မဆို တက္ကသိုလ်တွင် လေ့လာခဲ့သည့် ဘာသာရပ်များအတိုင်း ပြင်ပအလုပ်ခွင်များတွင် တိုက်ရိုက် ပြန်အသုံးချ၍ မရနိုင်ချေ။ (တက္ကသိုလ်၌ စာပြန်သင်သော ဆရာ ဆရာမများ ပင်လျှင် ခေတ်နှင့်အညီ သင်ရိုးညွှန်းတမ်းများကို မွမ်းမံပြင်ဆင်ရပါသည်။)

ကျောင်းနှင့် တက္ကသိုလ်တို့၏ အဓိကတာဝန်မှာ ကလေးလူငယ်များကို (၁) ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ (Cognitive skills) သင်ကြားပေးရန်၊ (၂) စဉ်းစားသုံးသပ်နိုင်သော ကျွမ်းကျင်မှုများ (Critical thinking skills)နှင့် ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်မှုများ (People skills) ကို ပျိုးထောင်ပေးရန် ဖြစ်သည်။ နံပါတ်(၂)တွင်ဖော်ပြသော အရည်အချင်းများကို "(၂၁)ရာစု ကျွမ်းကျင်မှုများ" (21st Century Skills) ဟုလည်း ခေါ်ကြသည် **(အညွှန်း ၂)**။

၂၀၁၉–၂၀၂၀ ခုနှစ်များတွင် သီရိလင်္ကာနိုင်ငံ၏ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးစီမံကိန်းတွင် ကျွန်မသည် နိုင်ငံတကာ ပညာရှင်တစ်ဦးအနေဖြင့် အကြံပေးခဲ့ရာ လုပ်သားဈေးကွက် (Labour Market **အညွှန်း ၃**) များတွင် အထူးလိုအပ်နေသော "(၂၁)ရာစု ကျွမ်းကျင်မှုများ" မွေးထုတ်ရေးသည် ထိုစီမံကိန်း၏ အဓိကရည်ရွယ်ချက် ဖြစ်ခဲ့သည်။

လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့တွင် ထိုကဲ့သို့သောကျွမ်းကျင်မှုများ မွေးထုတ်နိုင်စွမ်းမှာ အားနည်းချက်များ ရှိနေသေးသည်။ ထိုကဲ့သို့ အားနည်းချက်များ ရှိစေကာမူ ကျောင်းမှန်မှန်တက်သော ကလေးများသည် အချိန်ကြာမြင့်စွာ ကျောင်းပျက်ကွက်သော ကလေးများထက် တစ်ပန်းသာသည်။ ကလေးများသည် ကြာရှည် ကျောင်းမတက်ပါက ပညာတတ်မြောက်မှုတွင် နစ်နာဆုံးရှုံးမှုများ (Learning losses) ဖြစ်သည်ဟု တွေ့ရှိရသည် **(အညွှန်း ၄)**။

ကလေးများကျောင်းမတက်စေရန် ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများ

ပဏာမအနေဖြင့် ပြောလိုသည်မှာ ပညာရေးနှင့် ကျန်းမာရေးကို နိုင်ငံရေးအတွက် အသုံးမချသင့်ပါ။ ပညာရေး၊ ကျန်းမာရေးတို့ကို ပစ်မှတ်ထားသော အကြမ်းဖက်မှုများဆိုသည်မှာ ယခင်က အစွလာမ္မစ် အစွန်းရောက်အဖွဲ့များကသာ ကျင့်သုံးခဲ့သည်။ ယခုအခါတွင် မြန်မာပြည်၌ NUG/PDF/CRPH ကိုထောက်ခံသူများနှင့် ယင်းအဖွဲ့များက စေလွှတ်သူများသည် ကလေးများကျောင်းတက်ပါက ခြေပြတ်လက်ပြတ်ဖြစ်မည်ဟု ခြိမ်းခြောက်ခြင်း၊ ကျောင်းများကို မီးရှို့ခြင်းနှင့် ဗုံးဖောက်ခြင်း၊ ကျောင်းဆရာမနှင့် သူနာပြုဆရာမလေး အပါအဝင် ပြည်သူ့ဝန်ထမ်းများကို CDM မလုပ်သောကြောင့် သတ်ဖြတ်ခြင်း၊ အစရှိသော အကြမ်းဖက်မှုများကို ပြုလုပ်နေသည်မှာ ငြင်းချေမရပေ။

NUG/PDF/CRPH ထောက်ခံသော အကြမ်းဖက်သမားများ၏လုပ်ရပ်များသည် အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ပေါ်ပေါက်လာခဲ့သည့် တာလီဘန် အကြမ်းဖက်သမားများကဲ့သို့ ဖြစ်နေသည်။ ဤအချက်ကို အချို့သည် ဆိုရှယ်မီဒီယာတွင် ထောက်ပြပြီးဖြစ်ပါသည်။ ကျွန်မအနေဖြင့် လွယ်ကူစွာပြောဆိုခြင်းမဟုတ်ဘဲ အလုပ်အတွေ့အကြုံအပေါ် အခြေခံထားပါသည်။

ကျွန်မသည် (၁) ပါကစ္စတန် တာလီဘန်များ ရှင်သန်ခဲ့သော ခိုင်ဘာပတ်ခ်တွန်းခွား (Khyber Pakhtunkhwa) ပြည်နယ်တွင် လည်းကောင်း၊ (၂) အစွန်းရောက် အစွလာမ္မစ်ဝါဒီများနှင့် အစိုးရတပ်များ စစ်ဆင်နွှဲခဲ့သော အယ်လ်ဂျီးရီးယားနိုင်ငံ (Algeria) နှင့် တာဂျစ်ကစ္စတန်နိုင်ငံ (Tajikistan) တို့တွင်လည်းကောင်း ကွင်းဆင်းအလုပ်လုပ်ဖူးပါသည်။

စာမျက်နှာ ၇ သို့

❋ NUG/PDF/CRPH ထောက်ခံသော အကြမ်းဖက်သမားများ၏လုပ်ရပ်များသည် အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ပေါ်ပေါက်လာခဲ့သည့် တာလီဘန်အကြမ်းဖက်သမားများကဲ့သို့ ဖြစ်နေသည်။ ဤအချက်ကို အချို့သည် ဆိုရှယ်မီဒီယာတွင် ထောက်ပြပြီးဖြစ်ပါသည်။ ကျွန်မအနေဖြင့် လွယ်ကူစွာပြောဆိုချင်းမဟုတ်ဘဲ အလုပ်အတွေ့အကြုံအပေါ် အခြေခံထားပါသည်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံချွင့်မြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၆ ရက်မှ ၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံချွင့်မြို့၌ ကျင်းပခဲ့သည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အထူးလေယာဉ်ဖြင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ အစိုးရကျောင်းများတွင် ကျောင်းတက်နေသောကလေးများနှင့် သူတို့၏မိဘများကို အားပေးလိုပါသည်။ ကျွန်မသိသော နိုင်ငံတကာအဆင့် ပညာရှင်အများစုသည် ငယ်စဉ်က အစိုးရကျောင်း ထွက်များဖြစ်ကြ၍ ကျွန်မကဲ့သို့ မြန်မာအစိုးရ၏တက္ကသိုလ်များတွင် ပထမဘွဲ့ကို ယူခဲ့ကြသောသူများသာဖြစ်ကြပါသည်။ အထက်မှာရှင်းပြထားသည့်အတိုင်း "သုံးမရသော ပညာရေး" ဟု ပြောသည်မှာ မမှန်ပါ

စာမျက်နှာ ၆ မှ

၂၀၁၂ ခုနှစ်တွင် ပါကစ္စတန် တာလီဘန်ကကျောင်းသူလေး မာလာလားကိုသတ်ရန် ကြိုးစားခဲ့သော စဝပ် (Swat) ဒေသ (ယခု ခိုင်ဘာပတ်ခ်တွန်းခွားပြည်နယ်)၏ ပညာရေးနှင့် လူမှုရေးအကြောင်းတို့ကို ၂၀၁၉/၂၀၂၀ ခုနှစ်တွင် ကျွန်မလေ့လာ ရေးသားဖူးသည်။ ထိုပြည်နယ်တွင် လေးကြိမ် ကွင်းဆင်းဖူးသည်။ အာရဝ်အကြမ်းဖက်သမား အိုစားမားဘင်လာဒင် (Osama Bin Laden) ကို အမေရိကန်များ ရှာဖွေတွေ့ရှိ၍ သတ်ခဲ့သော အဲ့ဘ်ဒါဘဒ် (Abbottabad)မြို့ ၌လည်း ကွင်းဆင်း၍ ပညာရေးစနစ်ကို လေ့လာဖူးခဲ့ပါသည်။ ထို့ကြောင့် ပါကစ္စတန်တာလီဘန်များနှင့် နှိုင်းယှဉ်ရသည်မှာ ခိုင်မာသောအချက်များအပေါ် အခြေခံ၍ ပြောခြင်းဖြစ်သည်။

NUG/PDF/CRPH ထောက်ခံသူနှင့် စေခိုင်းသူ အကြမ်းဖက်သမားများကို ပါကစ္စတန် တာလီဘန်များနှင့် နှိုင်းယှဉ်ရာ၌ အဓိကသုံးချက်တွင် ဆင်တူနီးပါးဖြစ်နေသည် –

(၁) တည်ဆဲအစိုးရကို မကျေနပ်သဖြင့် ကလေးများ၊ မိဘများ၊ ကျောင်းများကို ပစ်မှတ်ထားပြီး ခြိမ်းခြောက်ခြင်းနှင့် အကြမ်းဖက်ခြင်း။ အထူးသဖြင့် မြန်မာပြည်တွင် ကျေးလက်တောရွာများ၌ ရှိသော မူလတန်းကျောင်း အမြောက်အများမှာ ရွာသားများကိုယ်တိုင် စတင်ဆောက်တည် ပံ့ပိုးထားသော ကျောင်းများဖြစ်၍ ကျောင်းကို မီးရှို့ဖုံးခွဲခြင်းသည် ရွာသူရွာသားများအား လွန်စွာနစ်နာဝမ်းနည်းစေသည်။

(၂) မိမိတို့၏ ဝါဒနှင့်အမြင်ကို မထောက်ခံသော အရပ်သားများနှင့် နိုင်ငံ့တာဝန်ကို လုပ်ဆောင်နေသော ဝန်ထမ်းများကို သတ်ဖြတ်ခြင်း၊ မီးရှို့ခြင်း။ (ဥပမာ ဂန့်ဂေါမြို့နယ်နှင့် လားရှိုးမြို့ လူသတ်မှုများ။)

(၃) ဗုဒ္ဓဘာသာ အဆောက်အအုံများကို တိုက်ခိုက်ခြင်း၊ ဘာသာရေးကို ပစ်မှတ်ထားပြီး ခြိမ်းခြောက်စော်ကားခြင်း။ ပါကစ္စတန်တွင် အစွန်းရောက်များသည် ဆူနီမွတ်ဆလင်မဟုတ်သော လူနည်းစုဘာသာဝင်များ (Ahmadiyya ဘာသာဝင်နှင့် ခရစ်ယာန်များ)ကို ခြိမ်းခြောက်၍ ရက်စက်စွာသတ်သည်။ **(အညွှန်း ၅၊ ၆)**။ မြန်မာပြည်တွင် NUG/PDF/CRPH ကို ထောက်ခံသူတို့သည် လူများစုကိုးကွယ်သော ဗုဒ္ဓဘာသာကို တိုက်ခိုက်သည်။ ထေရ်ကြီးဝါကြီး ဆရာတော်ဘုရားများနှင့်ကမ္ဘာကျော် Oxford ဆရာတော်အပါအဝင် သံဃာတော်များကို အသက်အန္တရာယ် ကျရောက်စေမည့် စကားအသုံးအနှုန်းများဖြင့် ခြိမ်းခြောက်တိုက်ခိုက်သည်။ ပုဂံစေတီတော်များအား Molotov cocktail ဓာတ်ဆီပုလင်းဗုံးဖြင့် ပေါက်သည်။

ပါကစ္စတန်အစွန်းရောက်များနှင့် ကွဲပြားချက်များလည်းရှိသည်။ ပါကစ္စတန်တာလီဘန်တို့သည် ယောကျ်ားလေးကျောင်းများထက် မိန်းကလေးကျောင်းများကိုသာ ပိတ်စေ၍ မိန်းကလေးများ ကျောင်းမသွားရန် ဆောင်ရွက်ခဲ့သည်။ NUG/PDF/CRPH နှင့်ဆက်စပ်နေသော အကြမ်းဖက်သမားများကား ကျောင်းအားလုံးကိုပိတ်စေရန်ကြိုးစားနေသောကြောင့် ဝါဒအနေဖြင့် ပိုမိုအစွန်းရောက်သည်။ နောက်ကွဲခြားမှုမှာ မြန်မာပြည်တွင် တပ်မတော်ရှိနေသည်။ ကြမ်းချင်တိုင်း ကြမ်း၍မရ။ ပါကစ္စတန်မှာကား စစ်တပ်အတွင်းတွင် ရန်သူဘက်ကို ပါချင်နေသော အစွဲလာမွစ်အစွန်းရောက်များရှိနေသည်။

ခြုံငုံပြောရလျှင် NUG/PDF/CRPH မှ စေခိုင်းသည်ဟု သိရသော အကြမ်းဖက်သမားများသည် မြန်မာနိုင်ငံကို "တာလီဘန်နိုက်ဇေးရှင်း" ("Talibanization") ဖြစ်အောင် တွန်းပို့နေသကဲ့သို့ ဖြစ်နေသည်။

နိဂုံး

အစိုးရကျောင်းထားရန်၊ မထားရန်မှာ နိုင်ငံရေးနှင့်မဆိုင်။ မိသားစုအလိုက်သာ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် အကြမ်းဖက်မှုကို အားမပေးသော်လည်း ကလေးများကို အစိုးရကျောင်းမထားရန် တိုက်တွန်းနေသောသူများသည် တာလီဘန်များကဲ့သို့ပင် သူတစ်ပါး၏အခွင့်အရေးကို ပိတ်ပင်သူများဖြစ်သည်။ "NUG/ CRPH အစိုးရတက်မှ ကျောင်းတက်ရမည်" ဆိုသည်မှာ သူတစ်ပါး၏ကလေးများကို ပညာမတတ်၊ စာမတတ်ဖြစ်အောင် တွန်းပို့နေသကဲ့သို့ဖြစ်သည်။ နိုင်ငံခြားတွင်နေသော မြန်မာများ၊ ကျောင်းပြီးသွားသော လူငယ်များ၏ မိဘများ၊ ပုဂ္ဂလိကကျောင်း၊ နိုင်ငံခြားကျောင်းများတွင် ကျောင်းထားနိုင်သော မိဘများသည်လည်း အစိုးရကျောင်းများသာထားနိုင်သည့် မိဘများကို စာနာထောက်ထားသင့်သည်။

အစိုးရကျောင်းများတွင် ကျောင်းတက်နေသော ကလေးများနှင့် သူတို့၏မိဘများကို အားပေးလိုပါသည်။ ကျွန်မသိသောနိုင်ငံတကာအဆင့်ပညာရှင် အများစုသည် ငယ်စဉ်က အစိုးရကျောင်းထွက်များဖြစ်ကြ၍ ကျွန်မကဲ့သို့ မြန်မာအစိုးရ၏တက္ကသိုလ်များတွင် ပထမဘွဲ့ကို ယူခဲ့ကြသောသူများသာဖြစ်ကြပါသည်။ **အထက်မှာရှင်းပြထားသည့်အတိုင်း "သုံးမရသော ပညာရေး" ဟုပြောသည်မှာ မမှန်ပါ။**

ရခိုင်ပြည်နယ်တွင် ရပ်ရွာကဝိုင်းဝန်းစောင့်ရှောက်ပေးသဖြင့် ရခိုင်ကျောင်းသူ ကျောင်းသားလေးများ အေးအေးချမ်းချမ်း ပညာဆက်လက်ဆည်းပူးနိုင်သည်ကို ရခိုင်လူမျိုးများနှင့်အတူ ကျွန်မ ပီတိဖြစ်၍ ရခိုင်တစ်မျိုးသားလုံးအား ချီးကျူးပါသည်။

အဘယ်ကြောင့် ရခိုင်ပြည်နယ်တွင် အေးချမ်း၍ အချို့တိုင်းရင်းသားဒေသများတွင် ကလေးများ ကျောင်းမတက်နိုင်သေးသည်ကို ထိုဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များက ဆန်းစစ်သင့်ပါသည်။ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ကလေးလူငယ်များ၏ ပညာရေး၊ လူမျိုး၏ ကျန်းမာရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ထို့ကြောင့် ကလေးများ၏ ပညာရေးနှင့်ပတ်သက်၍ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုများကို အားပေးနေသူများမှာ မိမိလူမျိုး၏ လူ့အရင်းအမြစ် **Human Capital** ကို ဖျက်ဆီးနေသူများ ဖြစ်သည်။ တိုင်းရင်းသားခေါင်းဆောင်များမှာလည်း မိမိ၏နယ်မြေတွင် ထိုကဲ့သို့သော အဖျက်သမားများ ရှိနေပါက လျင်မြန်စွာ အရေးယူသင့်ပါသည်။

အညွှန်းများ

(၁) https://www.facebook.com/OFFICIAL.MNNPS/videos/166610982081153/

(၂) Melbourne University: Assessment & Teaching of 21st Century Skills: http://www.atc21s.org/

(၃) ILO (2014). 21st Century Skills and the Age of Responsibility. https://www.ilo.org/global/about-the-ilo/newsroom/statements – and – speeches/ WCMS 240040/lang--ja/index.htm

(၄) OECD, 2020. The Economic Impacts of Learning Losses. https://www.oecd.org/education/the-economic-impacts-of-learning-losses-21908d74-en.htm

(၅) https://www.hrw.org/news/2020/11/26/pakistan-surge-targeted-killings-ahmadis

(၆) https://www.opendoorsusa.org/christian-persecution/world-watch-list/pakistan/

❑ *ကျော်ဖိုးမှ*

(က) **တနလ်ာနေ့** **ထွက်ခွာချိန်** **ဆိုက်ရောက်ချိန်** **ဈေးနှုန်း**

မန္တလေး-မကွေး	14 45	15 30	၄၈,၀၀၀/-
မကွေး-မန္တလေး	15 45	16 30	၄၆,၀၀၀/-

(ခ) **သောကြာနေ့** **ထွက်ခွာချိန်** **ဆိုက်ရောက်ချိန်**

မန္တလေး-မကွေး	8 00	8 45
မကွေး-မန္တလေး	9 00	9 45

(ဂ) (ဇွန် ၁၇ ရက်နှင့် ၂၄ ရက် ပျံသန်းမည့် ခရီးစဉ်)

UB – 477	**ထွက်ခွာချိန်**	**ဆိုက်ရောက်ချိန်**
မန္တလေး-မကွေး	8 45	9 30
မကွေး-စစ်တွေ	9 45	10 20
UB – 478	**ထွက်ခွာချိန်**	**ဆိုက်ရောက်ချိန်**
စစ်တွေ-မကွေး	10 45	11 20
မကွေး-မန္တလေး	11 35	12 10
ဈေးနှုန်း		
မန္တလေး-မကွေး	၄၈,၀၀၀/-	
မကွေး- စစ်တွေ	၅၀,၀၀၀/-	
စစ်တွေ-မကွေး	၅၀,၀၀၀/-	
မကွေး-မန္တလေး	၄၆,၀၀၀/-	

မြန်မာနိုင်ငံသားများအနေဖြင့် လေယာဉ်လက်မှတ်များကို www.flymna. com တွင် Credit Card၊ Debit Card ၊ MPU Card ၊ Bank Transfer နှင့် 123 Service (Over the counten Mobile Banking i-Banking Wallet) တို့ အသုံးပြု၍ မြန်မာကျပ်ငွေ (MMK) ဖြင့် ဝယ်ယူနိုင်သည့်အပြင် MNA Call Center +951 378603 –04 –06 –07 –08 ၊ +951 377840 –41 –42 သို့ ဆက်သွယ်၍ လက်မှတ်ဝယ်ယူမှုနှင့် ခရီးစဉ်အသေးစိတ်အချက်အလက် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဗိုက်အင်ဝမ်း (5 in 1) ပညာရေးစနစ်

မျိုးဆက်သစ်တို့အကြိုက် ခေတ်မီဝေါဟာရဗန်းစကားအသစ်ဖြင့် ခေါင်းစဉ်ကို ရေးဖွဲ့လိုက်ခြင်း ဖြစ်ပါသည်။ အဓိက အမယ်ငါးမျိုးပေါင်းစပ်လိုက်မှ ကောင်းမွန်သော ပညာရေးစနစ်တစ်ရပ်ပေါ်ထွက် လာနိုင်မည်ဟု ယူဆ၍ ဖြစ်ပါသည်။ Five in One Educational System ဟုလည်း မှတ်သား၍ရပါသည်။

မြန်မာဆန်ဆန် ဖွဲ့နွဲ့ တင်စားရပါလျှင် **“ငါးပွင့်တစ်ခိုင်ပညာရေးစနစ်”** ဟု အမည်တပ်ရပါလိမ့်မည်။ **“ပညာရေးခရီးသွားငါးဖော်”** ဟုလည်း ခေါ်ဆိုသင့်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ပညာရေးစနစ်ကောင်းတစ်ခုကို ထမြောက် အောင်မြင်အောင် အဓိကနေရာမှ တာဝန်ယူကြကာ ပူးပေါင်းအကောင်အထည်ဖော်ရမည့် အစိတ်အပိုင်းငါးခု(သို့မဟုတ်) ပုဂ္ဂိုလ်ငါးဦး ရှိပါသည်။

၁။ နိုင်ငံတော်၊
၂။ ကျောင်းသား၊
၃။ ဆရာ၊
၄။ မိဘ၊
၅။ ပတ်ဝန်းကျင် တို့ဖြစ်ပါသည်။

ကဏ္ဍာတစ်ခုစီအလိုက် တာဝန်ဝတ္တရားများ၊ တာဝန်ခံမှုများနှင့်ပူးပေါင်းဆောင်ရွက်မှုများစွာ ရှိပါသည်။ အဓိကအချက်များကိုသာ ကောက်နုတ်တင်ပြပါမည်။ အခါအခွင့်သင့်ချိန်တွင် ရေးဖော်ရေးဖက်၊ တွေးဖော်တွေးဖက်မိတ်ဆွေများ၊ ပညာရှင်ဆရာသမားကြီးများနှင့် ပေါင်းစည်းကာ အကျယ်ချဲ့ ရေးသားတင်ပြပါဦးမည်။

ရှေးယခင်က **“မိဘ၊ ဆရာ၊ ကျောင်းသားပေါင်း ကလေးပညာကောင်း”** ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြခဲ့ကြပါသည်။ ဤအဆိုသည်လည်း မှန်သင့်သလောက်မှန်ပါသည်။ ခေတ်ကာလ၏ တောင်းဆိုချက်အရ “ခရီးသွားငါးဖော်ပေါင်းစည်းချီတက်ရန်လိုသည်” ဟူသော အဆိုကို တင်သွင်းလိုပါသည်။

မှတ်သားထားခဲ့မိသော တရုတ်စကားပုံတစ်ခုတွင် –

“တစ်ဦးတည်းသွားလျှင် မြန်မြန်ရောက်မည်။ အများနှင့်သွားလျှင် ဝေးဝေးရောက်မည်။ ”ဟု ဆိုထားပါသည်။ ပညာရေးသည် အမိရင်တွင်း သန္ဓေသားမှသည် သေဆုံးခြင်းတိုင်သည်အထိ အစဉ် လေ့လာသင်ယူရသည့်ကိစ္စတစ်ရပ် ဖြစ်နေသည်မို့ ခရီးဝေး၊ ခရီးရှည်ဟု သတ်မှတ်ရပါမည်။ အဖော်ကောင်း၊ မိတ်ကောင်းဆွေမွန်များဖြင့် ပျော်ပျော်ပါးပါးသွားလာသင့်သည်ဟု ထင်မြင်မိပါသည်။

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၀ ကျော်ရှိပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပညာရေးစနစ်ချင်း ဆင်တူယိုးမှားများ ရှိနိုင်သကဲ့သို့ မတူကွဲပြားနေသည်များလည်း များစွာရှိနိုင်ပါသည်။ ကောင်းပါသည်။ အထူးကောင်းလှပါသည်ဟု ဆိုသော နိုင်ငံများ၏ ပညာရေးစနစ်ကို အခြားနိုင်ငံများမှ ပုံတူကူးချရန် အခက်အခဲရှိပါသည်။ နိုင်ငံအသီးသီးမှ ပညာရှင်ကြီးများက ကောင်းနိုးရာရာတို့ကိုသာ ရွေးနုတ်စုစည်းကာ သက်ဆိုင်ရာနိုင်ငံ၏ ပညာရေးစနစ်တစ်ရပ်အဖြစ် အဆိုတင်သွင်းလေ့ရှိကြပါသည်။

ဤကဲ့သို့ဖြစ်ရသည့်အကြောင်းမှာ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံတို့၏ မတူညီသော ပထဝီဝင်မြေအနေအထား၊ လူအင်အား၊ သမိုင်းကြောင်းအခြေအနေ စသည့် သဘာဝသယံဇာတစွမ်းအင်

> ◆ **ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၀ ကျော်ရှိပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပညာရေးစနစ်ချင်း ဆင်တူယိုးမှားများရှိနိုင်သကဲ့သို့ မတူကွဲပြားနေသည်များလည်း များစွာရှိနိုင်ပါသည်။ ကောင်းပါသည်။ အထူးကောင်းလှပါသည်ဟု ဆိုသော နိုင်ငံများ၏ ပညာရေးစနစ်ကို အခြားနိုင်ငံများမှ ပုံတူကူးချရန် အခက်အခဲရှိ**

အရင်းအမြစ်၊ လူစွမ်းအင်အရင်းအမြစ်များကြောင့်ဟု အကြမ်း အားဖြင့် ဆိုနိုင်ပါသည်။ အဓိကအချက်မှာမူ “နိုင်ငံအကျိုးစီးပွား (National Interest) ကို အခြေခံသည့် နိုင်ငံ၏အမျိုးသားရေးမဟာဗျူဟာ (National Strategy)၊ စီးပွားရေးမဟာဗျူဟာ (Economical Strategy)၊ နိုင်ငံရေးမဟာဗျူဟာ (Political Strategy)၊ ပညာရေးမဟာဗျူဟာ (Educational Strategy)” စသည့် မဟာဗျူဟာများကို အသီးသီး ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါ မဟာဗျူဟာ၊ နည်းဗျူဟာများက မတူညီနိုင်ပါ။

မျက်မှောက်ကာလတွင် ပထဝီနိုင်ငံရေးအပေါ် မူတည်ပြီး အခင်းအကျင်း ပြောင်းလဲလာမှုများ၊ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာမဟာမိတ်ဖွဲ့စည်းမှုများကလည်း နိုင်ငံ၏ ရေရှည်ရပ်တည်နိုင်ရေးကိုပါ ထိပါးနှောင့်ယှက်မှုများရှိလာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါပြီ။ နိုင်ငံတော်အလုံးစုံပျက်စီးရေးအား ခြိမ်းခြောက်နေမှုကို ရင်ဆိုင်နေရပါသည်။ အလားတူ COVID-19 ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကလည်း ကာလကြာရှည်စွာ ခြိမ်းခြောက်နေဆဲဖြစ်ပါသည်။ စုပေါင်းကာကွယ်ကြရပါတော့မည်။

လူမှုဘဝပုံစံသစ်ကို ခရီးသွားငါးဖော်မှ ကိုယ်စီတာဝန်ယူကာ ကျော်ဖြတ်ရပါတော့မည်။

မည်သို့ဆိုစေ No Learning Lost ဟူသောစကားအတိုင်း **“သင်ကြား၊ သင်ယူမှုများ မဆုံးရှုံးစေရန်”** ဝိုင်းဝန်းတာဝန်ယူကြရပါတော့မည်။

မည်သည့်ပညာရေးစနစ်ကို မည်သူတွေက မည်သို့ အကောင်အထည်ဖော်ကြမည်နည်း။

မည်သူတွေက သင်ကြားပေးမည်နည်း။

မည်သူတွေက သင်ယူကြမည်နည်း။

မည်သည့်နေရာတွင် သင်ကြား သင်ယူမည်နည်း။

ပညာကိုဘာကြောင့် သင်ယူကြသနည်း။ ဘယ်အတွက်နည်း။

မေးခွန်းများစွာတို့သည် ပြည်သူများအကြား ပျံ့နှံ့လျက်ရှိပါသည်။ အဖြေမဲ့သော မေးခွန်းပုစ္ဆာများတော့ မဟုတ်ပါ။ တွေးခေါ်ရသည်။ တွက်ချက်၍ရပါသည်။ အဖြေချင်းမတူညီနိုင်သော်လည်း ညှိ၍ယူရပါမည်။ ညှိနှိုင်းရမည်။ ပူးပေါင်းဆောင်ရွက်ရပါမည်။ **“တစ်ဦးတည်းသွား၍ မရ၊ အများနှင့်သွားမှရပါမည်။ ခရီးကဝေးလွန်း၍ ဖြစ်ပါသည်။”**

မြန်မာ့ပညာရေးခရီးရှည်ကို ဖြတ်သန်းကြမည့် ခရီးသွားငါးဖော်၏ ကိုယ်စီတာဝန်နှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စအဝဝတို့သည် လွန်စွာ ကျယ်ဝန်းမြားမြောင်လှပါသည်။ အနှစ်ချုပ်၍ ကောက်နုတ်တင်ပြပါမည်။

နိုင်ငံတော်။ ။ နိုင်ငံသားတိုင်းအတွက် ကျောင်းသင် ပညာရေးမျှသာမက ကျောင်းပြင်ပ ပညာရေးနှင့် ဘဝတစ်သက်တာ သင်ယူဖွံ့ဖြိုးရာပညာရေးကိစ္စရပ်များကို ကဏ္ဍအလိုက် ပီပြင်စွာ ပေါ်ထွန်းလာရေး ဆောင်ရွက် ပေးသင့်ပါသည်။ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်ထာဝရ သုတေသနပြုလုပ်ကာ ဆောင်ရွက်ပေးသင့်ပါပေသည်။ မျက်မှောက်ကာလတွင် ဦးစားပေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သင့်ပါသည်။ ဥပမာ –

၁။ အစိုးရနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့မှ လက်ရှိတာဝန်ယူထားကြသော စာသင်ကျောင်း၊ ကောလိပ်နှင့် တက္ကသိုလ် အသီးသီးတို့တွင် ပညာရေးလုပ်ငန်းစဉ်များကို ဘေးကင်းလုံခြုံစွာ သင်ကြားသင်ယူနိုင်ကြရေး။

၂။ မြန်မာ့ပညာရေးစနစ်၏ အားသာချက်များနှင့် အားနည်းချက်များအပေါ် အခြေခံ၍ ပြုပြင်ပြောင်းလဲရမည့် လုပ်ငန်းနယ်ပယ်များကို ဖော်ထုတ်ရေး။

၃။ ခိုင်မာသောမူဝါဒများ၊ဥပဒေများပေါ်ပေါက်လာရေးနှင့် ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်း ပံ့ပိုးရေးစသည်ဖြင့် …

ကျောင်းသား။ ။ အဓိကအကျဆုံး ပုဂ္ဂိုလ်မှာ ကျောင်းသားဖြစ်ပါသည်။ **“ဥစ္စာရင်လို ဥစ္စာရင်ခဲ”** ဖြစ်ပါသည်။ ကျောင်းသား၏ ဆန္ဒ၊ ဝီရိယ၊ ဇွဲ၊ လုံ့လတို့ပေါင်းစည်းထားသော လိုချင်စိတ်ရှိလျှင် ရှိသလောက် ထူးချွန်ပေါက်မြောက်အောင်မြင်မည်ဖြစ်ပါသည်။

ဆရာ ။ ။ ဆရာ၊ ဆရာမများသည် ပညာရေးစနစ်တစ်ခု အောင်မြင်ဖြစ်ထွန်းရေးအတွက် လွန်စွာမှပင် အခရာကျသည်ဟုသာ ဆိုရပါမည်။ အရည်အသွေးမြင့်မားသော ဆရာသည် အရည်အသွေး ကောင်းမွန်သော တပည့်ကျောင်းသားများကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။ မျက်မှောက်အခြေအနေအရ ဆရာ၊ ဆရာမများကို တရုတ်နိုင်ငံမှ ပညာရေးလက်ဦးဆရာတစ်ပါးအဖြစ် သတ်မှတ်ခြင်း ခံရသော “ကွန်ဖြူးရှပ်”၏ စိတ်နေစိတ်ထားကိုပမာပြု၍ မေတ္တာရပ်ခံတင်ပြလိုပါသည်။

- “ပညာရေးတွင် လူအတန်းအစား ခွဲခြားမှုဟူ၍ မရှိ” ဟု ကွန်ဖြူးရှပ်က ဆိုခဲ့ဖူးပါသည်။
- တစ်ဖန် “ကျွန်ုပ်သည် ကျွန်ုပ်ထံပါးသို့ ပညာဆည်းပူးရန်အလို့ငှာ အရောက်လာသော မည်သူ့ကိုမှ ငြင်းပယ်မည်မဟုတ်။ ကျွန်ုပ်အားဆန်တစ်ဆုပ်ပင် မပေးမကမ်းလိုကလည်း နေစေ၊ ကျွန်ုပ်က ပညာလိုသူအား ပညာသင်ပေးမည်သာဖြစ်သည်”ဟု ဆိုခဲ့ပါသည်။ အဆိုပါ မြင့်မြတ်သော စိတ်ထား၊ စေတနာကြောင့် လူသေသော်လည်း နာမည်မသေခြင်းဖြစ်မည်ဟု လေးစားစွာ ထင်မြင်မိပါသည်။

မိဘ။ ။ မိမိတို့၏ ရင်သွေးငယ်များအား စာသင်ကျောင်းသို့အရောက်ပို့ စေလွှတ်ရုံမျှနှင့် တာဝန် မကျေပွန်သေးပါ။ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ အစရှိသည့် မိဘကျင့်ဝတ် ငါးပါးကို ခေတ်နှင့်အညီ ရှုမြင်သုံးသပ်ကာ အနာဂတ်ရေးမျှော်တွေး လမ်းပြပေးသင့်ပါသည်။ အကြံပြု လိုသည်များက များစွာရှိနေပါသေးသည်။

ပတ်ဝန်းကျင်။ ။ ကျေးဇူးနောင်ဥပမာပေးကာ သွန်သင်လေ့ရှိသော မြန်မာ့လူမှုအသိုင်းအဝိုင်းကြီးသည် အတုမြင် အတတ်သင်တတ်သော ကလေးသူငယ်တို့အား ကရုဏာ၊ စေတနာထား စေလိုပါသည်။ သာမန် လူမှုပတ်ဝန်းကျင်အပြင် လူမှုရေးအဖွဲ့အစည်းများ၊ သာရေးနာရေးအသင်းများမှစ၍ အခြားအခြားသော အသင်းအဖွဲ့အစည်းများ၏ စာနာမှု၊ ပံ့ပိုးဖြည့်ဆည်းမှု၊ အားပေးကူညီမှုများသည် အနာဂတ်ခေါင်းဆောင် လောင်းလျာသားသမီးရတနာများအတွက် ခွန်အားများဖြစ်စေရန် အားပေးစေလိုပါသည်။ မေတ္တာမျှဝေစေချင်ပါသည်။

နိဂုံးချုပ်တင်ပြလိုသည်မှာ Community Participation means not only involvement but also commitment ဟူသည့် အဓိပ္ပာယ်မှာ သာမန်ပူးပေါင်းဆောင်ရွက်ကြခြင်းမျိုးမဟုတ်ပါ။ ထို့ထက်ပို၍ လေးနက်ပါသည်။ အနီးစပ်ဆုံးပြန်ဆိုရသော် **“လူမှုအသိုင်းအဝိုင်း၏ ပူးပေါင်းပါဝင်မှုဆိုသည်မှာ ပါဝင်ရုံသက်သက်မျှသာမက ယင်းတို့ ကိုယ်တိုင်တာဝန်ယူမှုကိုပါ ရည်ညွှန်းပြောဆိုလိုခြင်းဖြစ်ပါသည်။”**

ငါးမျိုးပေါင်းမှ ပညာရေးစနစ်ကောင်းပါမည်။

အားလုံး၏ရင်းမြစ်များဖြင့် ကိုယ်တိုင်ကိုယ်ကျတက်တက်ကြွကြွညီညီညာညာ ပူးပေါင်းပါဝင်ကြပါစို့။ ။

မင်းသုခ

❍ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကိုဖျက်ဆီးမယ့်စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင် ဆွေးနွေးကြပါလေ။

နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နိဒါန်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်ထောင်စုအဆင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဆင့်တွင် ဝန်ထမ်းအမျိုးအစားအလိုက် သတ်မှတ်ထားရှိသည့် ရာထူးအသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများသည် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးစီးပွားအတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ သတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၌ ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အတတ်ပညာရပ်ဆိုင်ရာပြည့်စုံပြီး ဘက်လိုက်မှုကင်းရှင်းသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကောင်းမွန်သော အုပ်ချုပ်မှု၊ ဒီမိုကရေစီစံနှုန်းများနှင့် ပြည့်စုံရန်လိုအပ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းပြီး အဂတိလိုက်စားမှု ကင်းစင်ရမည့်အပြင် မိမိတို့အား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် လိုအပ်သည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်းများနှင့်လည်း ပြည့်စုံရန်လိုအပ်ပါသည်။

၂။ ထို့အတူ မိမိတို့အား ပေးအပ်ထားသည့် တာဝန်၊ ဝတ္တရားများနှင့်အညီ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ရာ၌ တာဝန်ကျေပွန်စွာထမ်းဆောင်မှု၊ ရိုးဖြောင့်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်ဆောင်ရွက်မှု၊ သာတူညီမျှမှု၊ တန်းတူညီတူရှိမှု၊ ဘက်လိုက်ခြင်းကင်းမှု စသည့်အချက်များနှင့်ပြည့်စုံပါက ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသည့် နိုင်ငံ့ဝန်ထမ်းကဏ္ဍတစ်ခု ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

၃။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်း မရှိပါ။

၄။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များသည် ယခင်ပြဋ္ဌာန်းထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ကျင့်သုံးလျက်ရှိသော စံနမူနာကောင်းများကို အခြေခံ၍ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းတိုင်း သိရှိလိုက်နာ စောင့်ထိန်းရမည့် အဓိကစံတန်ဖိုးများပင် ဖြစ်ပါသည်။

၅။ သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက် လုပ်ငန်းသဘာဝအလျောက် သတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာရမည့်အပြင် ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များကိုလည်း စောင့်ထိန်းလိုက်နာရမည်ဖြစ်ပါသည်။

အခန်း(၁)

ရည်ရွယ်ချက်

၆။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများသတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်သူများအပေါ် ပိုမိုထိရောက်ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆန်းသစ်တီထွင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန်၊

(ခ) နိုင်ငံ့ဝန်ထမ်းများထံမှ ပြည်သူများ မျှော်လင့်သည့် ပွင့်လင်းမြင်သာမှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ယုံကြည်အားထားရမှုများ တိုးမြှင့်လာစေရန်၊

(ဂ) နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများအပေါ် ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအတွက် အထက်အောက် ဆက်ဆံရေး၊ တန်းတူဆက်ဆံရေး အဆင်ပြေချောမွေ့စေမှုနှင့် အပြန်အလှန်ယုံကြည်စေမှု တည်ဆောက်ရန်အတွက် အလုပ်ဌာန ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရန်၊

(ဃ) ပြည်သူများကိုဝန်ဆောင်မှုပေးရာတွင် ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာ ဆောင်ရွက်ပေးခြင်းအားဖြင့် ကတိကဝတ် ခိုင်မာသော နိုင်ငံ့ဝန်ထမ်းကဏ္ဍ ဖြစ်ပေါ်လာစေရန်၊

(င) နိုင်ငံ့ဝန်ထမ်းများသည် မိမိအားပေးအပ်ထားသည့် တာဝန်နှင့်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ပြည်သူနှင့်ဆက်ဆံရာ၌ဖြစ်စေ၊ အဖွဲ့အစည်းအတွင်းနှင့် အဖွဲ့အစည်းအချင်းချင်း ဆက်ဆံရာ၌ဖြစ်စေ၊ ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ဖြစ်စေ၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ထက်မြက်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သစ္စာရှိမှု၊ ယုံကြည်အားထားရမှု၊ သမာသမတ်ကျမှု၊ ဆက်ဆံရေးပြေပြစ်မှုနှင့် အဂတိကင်းရှင်းမှုတို့ရှိခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ မြင့်မားလာစေရန်၊

(စ) အများပြည်သူနှင့်သက်ဆိုင်သော သဘာဝအရင်းအမြစ်နှင့် ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲအောင် တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်သွားရန်၊

(ဆ) ကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက်များကို နိုင်ငံ့ဝန်ထမ်းများက လိုက်နာခြင်းအားဖြင့် ပြည်သူများအားလုံး ပါဝင်မှုရှိသော၊ တန်းတူညီမျှမှုရှိသော ခိုင်မာအားကောင်းသည့် ဒီမိုကရေစီအသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာစေရန်။

အခန်း(၂)

နိုင်ငံ့ဝန်ထမ်းများထားရှိရမည့်စံတန်ဖိုးသတ်မှတ်ချက်များ

၇။ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် အခြားသော အဖွဲ့အစည်းဆိုင်ရာ ကျင့်ဝတ်များသည် နိုင်ငံ့ဝန်ထမ်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ အဖွဲ့အစည်းအလိုက် ချမှတ်ထားသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ဆောင်ချက်များ၊ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ် စံတန်ဖိုးများသည် ဝန်ထမ်းများကို များစွာအထောက်အကူ ပြုပါသဖြင့် အောက်ပါနိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်စံတန်ဖိုးသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရပါမည်-

(က) ပြည်သူဗဟိုပြု နိုင်ငံ့ဝန်ထမ်းများဖြစ်ရန် ကတိကဝတ်ပြုခြင်း၊

(ခ) လုပ်ငန်းတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် တိကျမှန်ကန် မြန်ဆန် ထိရောက်စွာ ဆောင်ရွက်ခြင်း၊

(ဂ) ဆန်းသစ်တီထွင်နိုင်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိခြင်း၊

(ဃ) ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် ယုံကြည်ထိုက်ခြင်း၊

(င) ထူးချွန်ပြောင်မြောက်မှုနှင့် အတတ်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိခြင်း၊

(စ) အားလုံးပါဝင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုရှိခြင်း၊

(ဆ) ဘက်လိုက်မှုကင်းခြင်း၊ အဂတိကင်းရှင်းခြင်း၊ တရားမျှတစွာဆောင်ရွက်မှုရှိခြင်း၊

(ဇ) ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း။

အခန်း(၃)

ပြည်သူဗဟိုပြု နိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန် ကတိကဝတ်ပြုခြင်း

၈။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) ပြည်သူများ၏အကျိုးစီးပွားကို ရှေးရှု၍ အလေးထားဆောင်ရွက်ရမည်။

(ခ) သဘာဝသယံဇာတအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဂ) ပြည်သူများ၏ လိုအပ်ချက်ကို မဆိုင်းမတွ တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ရေးနှင့် တန်းတူညီမျှမှုရှိစေရေးတို့အတွက် ပြည်သူ့ဝန်ဆောင်မှုစံနှုန်းများ မြင့်မားစေရေးတို့ကို ဆောင်ရွက်ရမည်။

(ဃ) လူမျိုး၊ ဘာသာ၊ အဆင့်အတန်း၊ ကျား/မ ခွဲခြားမှုမရှိဘဲ ပြည်သူများ၏ လုပ်ငန်းကိစ္စရပ်များဆောင်ရွက်ရာတွင် စာနာမှု၊ ပြည်သူကို ရိုသေလေးစားမှုနှင့်အတူ အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်ရမည်။

(င) ပြည်သူများ၏ ယုံကြည်မှုကို ရရှိစေရန်နှင့် အနာဂတ် မျိုးဆက်သစ်များအတွက် စံပြဖြစ်နေစေရန် မိမိ၏ပြုမူဆောင်ရွက်ချက်များကို ကောင်းမွန်သော ရလဒ်ရရှိရေး သုံးသပ်စဉ်းစားဆောင်ရွက်ရမည်။

(စ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားအတွက် ကောင်းမြတ်သည့် စိတ်စေတနာ၊ ကိုယ်ကျင့်တရားတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည်။

❖ **ဤနိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များသည် ယခင်ပြဋ္ဌာန်းထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ကျင့်သုံးလျက်ရှိသော စံနမူနာကောင်းများကို အခြေခံ၍ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းတိုင်း သိရှိလိုက်နာစောင့်ထိန်းရမည့် အဓိကစံတန်ဖိုးများပင်ဖြစ်ပါသည်**

(ဆ) ပြည်သူ့အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် အပြုအမူများကို ရှောင်ကြဉ်ရမည်။

အခန်း(၄)

လုပ်ငန်းတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် တိကျမှန်ကန် မြန်ဆန်ထိရောက်စွာ ဆောင်ရွက်ခြင်း

၉။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) ဝန်ထမ်းအချင်းချင်း၊ ဌာနအဖွဲ့အစည်းအချင်းချင်း ထိရောက်စွာချိတ်ဆက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ပေးအပ်သောတာဝန်နှင့်ဝတ္တရားများကို လိုလားစွာဖြင့် ထိုးထွင်းကြံဆ၍ အချိန်နှင့်တစ်ပြေးညီ မှန်ကန်ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) မိမိလုပ်ငန်းတာဝန်နှင့် နီးနွယ်ဆက်စပ်နေသည့် ပညာရပ်ဆိုင်ရာနယ်ပယ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းတာဝန်များကို အမှားအယွင်းမရှိစေရန် တိကျသေချာစွာ အလေးအနက်ထားဆောင်ရွက်ရမည်။

အခန်း(၅)

ဆန်းသစ်တီထွင်နိုင်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိခြင်း

၁၀။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) နိုင်ငံတော်နှင့် အဖွဲ့အစည်း၏ တိုးတက်ရေးကိုရှေးရှု၍ အရည်အချင်းပြည့်ဝနေစေရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှတ်သားနိုင်စွမ်းရှိရမည်။

(ခ) မိမိတို့၏ လုပ်ငန်းခွင်အတွေ့အကြုံများနှင့် အတတ်ပညာပိုင်းဆိုင်ရာ ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်စွမ်းရှိရမည်။

(ဂ) မိမိအဖွဲ့အစည်းအတွက် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိရမည့်အပြင် ခေတ်နှင့်လျော်ညီသည့် အတတ်ပညာနှင့် ဆန်းသစ်တီထွင်နိုင်သည့် အတွေးအခေါ်ရှိရမည်။

(ဃ) လုပ်ငန်းခွင်အခက်အခဲများကို သမားရိုးကျမဟုတ်ဘဲ ထိရောက်လျင်မြန်သော နည်းလမ်းကောင်းများဖြင့် အောင်မြင်စွာ ကြံဆဖြေရှင်းနိုင်စွမ်းရှိရမည်။

(င) နက်ရှိုင်းကျယ်ပြန့်စွာ ထိုးထွင်းသိမြင်ပြီး စဉ်းစားတွေးခေါ်ဆောင်ရွက်နိုင်စွမ်းရှိရမည်။

(စ) ဖြတ်ထိုးဉာဏ်ကောင်း၍ ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိရမည်။

(ဆက်လက်ဖော်ပြပါမည်)

အဂတိကင်းသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ

မောင်ချစ်အေး

သန္ဓေတည်ကာလ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ၂၃ အရ၊ ၂၀၁၃ခုနှစ် သြဂုတ်လ (၇) ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ ဤဥပဒေကို ၂၃-၇-၂၀၁၄ ရက်နေ့တွင် ပထမအကြိမ် ပြင်ဆင်ခဲ့ပြီး ၂၉-၇-၂၀၁၆ ရက်နေ့နှင့် ၃၁-၇-၂၀၁၇ ရက်နေ့တွင် ဒုတိယအကြိမ်နှင့် တတိယအကြိမ် ပြင်ဆင်ခဲ့သည်။ ၂၁-၆-၂၀၁၈ ရက်နေ့တွင် စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေအမှတ်(၂၀/၂၀၁၈)အဖြစ် တိုင်းပြည်သို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်များအတွက် မိမိနိုင်ငံတော်အုပ်ချုပ်မှုယန္တရားနှင့် ဆီလျော်သော ဥပဒေမူကြမ်း အချက်အလက်များကို အချိန်ယူလေ့လာ ဆန်းစစ်တင်ပြခဲ့ရာမှ ဒီမိုကရေစီအစိုးရနှင့် ယှဉ်တွဲပေါ်ပေါက် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း - ၂၀၀၃ (United Nations Convention Against Corruption - 2003) တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုခံခဲ့ရပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံတကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ၁၇-၉-၂၀၁၃ ရက်နေ့တွင် စတင်အာဏာသက်ဝင်ခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် အခန်း(၁၁)ခန်း၊ ပုဒ်မပေါင်း(၇၃)ခု ပါဝင်ပါသည်။ ဤဥပဒေသည် ယခင်အစိုးရများလက်ထက် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ဆက်လက်ကျင့်သုံးဆဲဥပဒေဖြစ်ပါသည်။

အဂတိပယ်ခွာ ပြည်သာယာ

အဂတိလိုက်စားမှုများ ပယ်ခွာခြင်းဖြင့် သာယာသော လူဘောင်ပတ်ဝန်းကျင် လူနေမှု၊ အုပ်ချုပ်မှုစနစ်တို့ ဥပဒေဘောင်အတွင်း တိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တို့ ဖြစ်ထွန်းစေရန် ဖြစ်ပါသည်။ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်စေရန်လည်း ရည်ရွယ်ပါသည်။ ကော်မရှင်၏ ရည်ရွယ်ချက်များအနက် **“အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်”** နှင့် **“အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန်”** တို့မှာလည်း အဓိကဖြစ်ပါသည်။

ဥပဒေလိုက်နာ ဘေးကင်းကွာ

လူတို့က ဥပဒေကို ပြဋ္ဌာန်းခဲ့ကြသည်။ ဥပဒေက လူတို့ကို ပြန်၍ ထိန်းကျောင်းပေးသည်။ ဥပဒေဘောင်အတွင်း လိုက်နာကြခြင်းဖြင့် ဘေးကင်းကြမည်သာဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေများအား အကြိမ်ကြိမ်စိစစ်အတည်ပြုခဲ့ကြပြီး အစိုးရနှစ်ဆက်တွင် (၄)ကြိမ် ပြင်ဆင်ဖြည့်စွက်မှုများ ပြုခဲ့ကြသည်။ ဤပြဋ္ဌာန်းပြီး ဥပဒေများကို အခြေခံ၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်များ ခိုင်မာစွာပေါ်ထွန်းလာရေး တည့်မတ်ပေးရန် လိုအပ်ပါသည်။ အနာဂတ်တိုင်းပြည်တည်ဆောက်ရေးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းချက်၊ ပြစ်မှုပြစ်ဒဏ်များကို အများပြည်သူအကြားတွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိထားရန်လည်း လိုအပ်ပါသည်။

ကော်မရှင်၏ လုပ်ငန်းတာဝန်ကောက်နုတ်ချက်များ

ကော်မရှင်၏ တာဝန်များတွင် ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊ ကြိုတင်ထောက်လှမ်းစုံစမ်းစေခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပဏာမစစ်ဆေးရေးအဖွဲ့တို့နှင့် စုံစမ်းစေ၍ တွေ့ရှိချက်အစီရင်ခံစာတင်ပြစေခြင်းများ ပြုလုပ်နိုင်သည်။ တိုင်ကြားစာများ စိစစ်လက်ခံခြင်း၊ ပယ်ခြင်း၊ မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်း၊ တိုင်ကြားခံရသူသည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိပါက သက်ဆိုင်ရာ ဌာနသို့ လွှဲပြောင်းပေးပို့အရေးယူစေခြင်းများ တာဝန်ရှိသည်။ **“တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများအား စစ်ဆေးခြင်း”** တာဝန်တစ်ရပ်မှာလည်း အဓိကတစ်ချက် ပါဝင်သည်။

ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေက လူတို့ကို ပြန်လည်ထိန်းကျောင်းပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ ဂုဏ်ရည်ကို မြှင့်တင်ကြရပါမည်။ ထို့ကြောင့် ယခင်အစိုးရအဆက်ဆက်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖော်ဆောင်နိုင်ရေး ပြည်သူများပါ ပူးပေါင်းပါဝင်ရန် အရေးကြီးသောကာလဖြစ်

အဂတိလိုက်စားမှုဆိုသည်မှာ

မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်ကို ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန် အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အား ပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းတို့ဖြစ်ပါသည်။ သက်ဆိုင်ရာအစိုးရဌာန၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ သဘောတူစာချုပ်တစ်ခုတွင် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်းတို့သည်လည်း အဂတိလိုက်စားမှု ထမြောက်ပါသည်။

ပြစ်မှုနှင့် ပြစ်ဒဏ်များ သတိပြုဖွယ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ သို့မဟုတ် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က မည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁၅ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူမှအပ အခြားလုပ်ပိုင်ခွင့်အာဏာရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာရှိစဉ်က မည်သူမဆို အဂတိလိုက်စားမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူနှင့် လုပ်ပိုင်ခွင့်အာဏာရှိသူမှအပ အခြားမည်သူမဆို အဂတိလိုက်စားမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

တိုင်ကြားခံရသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိရပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူစေရန် ဆက်လက်အကြောင်းကြားရပါသည်။

ဥပဒေအထက်တွင် မည်သူမျှမရှိ

အဂတိလိုက်စားမှုများကို ဥပဒေအထက်တွင် မည်သူမျှမရှိစေရဘဲ ပိုမိုကျယ်ပြန့်ထိရောက်စွာ တိုက်ဖျက်အရေးယူဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအား ၂၅-၇-၂၀၁၃ ခုနှစ်တွင် ကျင်းပသော ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် သတ္တမအစည်းအဝေးက ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ်-၂၃ အဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေက လူတို့ကို ပြန်လည်ထိန်းကျောင်းပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ ဂုဏ်ရည်ကို မြှင့်တင်ကြရပါမည်။ ထို့ကြောင့် ယခင်အစိုးရအဆက်ဆက်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖော်ဆောင်နိုင်ရေး ပြည်သူများပါ ပူးပေါင်းပါဝင်ရန် အရေးကြီးသောကာလ ဖြစ်ပါတော့သည်။ ။

❖ **တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်(ဟောင်း) ဒေါ်အောင်ဆန်းစုကြည်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ဟောင်း) ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်(ဟောင်း) ဦးရဲမင်းဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်(ဟောင်း) ဦးမင်းသူတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် ဇွန် ၉

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်(ဟောင်း) ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်သော ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ပါသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်(ဟောင်း) ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်(ဟောင်း) ထံမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ထောက်ခံပေးရန်နှင့် ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်၍ တံစိုးလက်ဆောင်အဖြစ် အမေရိကန်ဒေါ်လာ (၆၀၀,၀၀၀) (ခြောက်သိန်း) နှင့် အကယ်ဒမီအဝေါက်ရွှေ (၇) ပိဿာတို့ကို သုံးကြိမ်ခွဲ၍ နေအိမ်တွင် လက်ခံရယူခဲ့ခြင်းတို့သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်း။

ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း (ရုံးချုပ်) ဖွင့်လှစ်ရန် ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် (၆၀) ရှိ မြေ (၁.၈၆) ဧကနှင့် အဆောက်အဦတို့ကို လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်လျက် ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ လျော့နည်းသက်သာသော နှုန်းထားနှင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ငှားရမ်းဆောင်ရွက်စေခဲ့ခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာပါ တွက်ချက်မှုအရ နိုင်ငံတော်က ငွေကျပ်သန်း (၅၂၀၀) ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းအတွက် နေပြည်တော်ရှိ လရောင်တော စိုက်ပျိုးသက်မွေးပညာ သင်တန်းကျောင်းစီမံကိန်း ဆောင်ရွက်ရန် ဥတ္တရသီရိမြို့နယ်ရှိ မြေဧရိယာ (၁၀၁.၃၃) ဧကနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ မြေဧရိယာ (၂၃.၈၅၅) ဧကကို နေပြည်တော်စည်ပင်သာယာရေးကော်မတီထံမှ လျှောက်ထားရယူခဲ့ရာတွင် နေပြည်တော်တည်ဆောက်မှု မူလစီမံကိန်းပါ နိုင်ငံတော်ပိုင်မြေများဖြစ်သည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနပိုင်မြေနှင့် အနာဂတ်တွင် အများပြည်သူအတွက် ပေါင်းလောင်း-ပျဉ်းမနား-ရှားပင်ကုန်း ထပ်ဆင့် ရေတွန်းစက်ရုံအထိ ရေပေးဝေရေး လမ်းကြောင်းစီမံကိန်းအဖြစ် လျာထားသည့်မြေနေရာများကို ပယ်ဖျက်ပြီး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၀)၌ မြေနေရာချထားပေးခြင်းနှင့် မြေငှားစာချုပ် (မြေဂရန်) ထုတ်ပေးခြင်းတို့ကို တစ်ချိန်တည်း ခွင့်ပြုပေးခဲ့ရခြင်းသည် လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ခြင်းမဟုတ်ဘဲ မိမိ၏ ရာထူး အရှိန်အဝါကို အသုံးပြု၍ ထိုက်သင့်သည့်တန်ဖိုးထက် များစွာလျော့နည်းလျက် ပေးချေခဲ့ကြောင်း၊ စုစုပေါင်း မြေဧရိယာ (၁၂၅.၁၈၅)ဧက တို့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ကြားဖြတ်စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ နိုင်ငံတော်မှ ငွေကျပ် ၁၉ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝ မြှင့်တင်ရေးလုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် နေထိုင်ရန် အဆောက်အဦ နေအိမ်ကို ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းသို့ အများပြည်သူမှ ထည့်ဝင်လှူဒါန်းထားသော အလှူငွေများထဲမှ ငွေကျပ် ၁.၆ ဘီလီယံကျော်ကို မလျော်သြဇာ အသုံးပြု၍ သုံးစွဲ ဆောက်လုပ်စေခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်(ဟောင်း) ဒေါ်အောင်ဆန်းစုကြည် အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ လည်းကောင်း။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ဟောင်း) ဒေါက်တာ မျိုးအောင်၊ ဒုတိယမြို့တော်ဝန် (ဟောင်း) ဦးရဲမင်းဦး၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်(ဟောင်း) ဦးမင်းသူတို့သည် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းအား နေပြည်တော်ရှိ လရောင်တော စိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်း စီမံကိန်း ဆောင်ရွက်ရန်အတွက် ဥတ္တရသီရိမြို့နယ်ရှိ တစ်ဆက်တစ်စပ်တည်း ဖြစ်သော မြေဧရိယာ (၁၀၁.၃၃) ဧကနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ မြေဧရိယာ (၂၃.၈၅၅)ဧက လျှောက်ထားရယူရာတွင် ၁၈-၂-၂၀၂၀ ရက်နေ့တွင် ပြုလုပ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး အမှတ်စဉ်(၇/၂၀၂၀)မှ မြေနေရာချပေးခြင်းနှင့် မြေငှားစာချုပ် (မြေဂရန်) ထုတ်ပေးရာတွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျော်လွန်၍ ခွင့်ပြုပေးခဲ့ခြင်းကြောင့် ၎င်းတို့ (၃) ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရလည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် ၉-၆-၂၀၂၁ ရက်နေ့၌ ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ မွန်ညီညွတ်ရေးပါတီဝင် အမျိုးသမီး တစ်ဦးအား အကြမ်းဖက်သူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်၍ သေဆုံး

နေပြည်တော် ဇွန် ၉

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ မွန်ညီညွတ်ရေးပါတီဝင် အမျိုးသမီး တစ်ဦးအား အကြမ်းဖက်သူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၈ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ရွာသစ်ကျေးရွာအနီး လမ်းပေါ်၌ အမျိုးသမီး တစ်ဦး သေနတ်ဖြင့်ပစ်ခတ်ခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရွာသစ်ကျေးရွာအနီးရှိ လမ်းပေါ်၌ BGO 3Q/--- Honda Fit မော်တော်ယာဉ်ပေါ်၌ ရွာသစ် ကျေးရွာနေ ဒေါ်မိဝေသီဖြိုး (၃၂) နှစ် အထက်တန်း ရှေ့နေ (ဘ) ဦးစိုးနိုင် အား ဝဲရင်အုံ၊ ဝဲလက်မောင်း၊ ယာခြေသလုံး တို့တွင် ဖောက်ဝင်ဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရသဖြင့် ဘုရားသုံးဆူမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ဆေးရုံအရောက်၌ သေဆုံးသွားခဲ့သည်။

ဒေါ်မိဝေသီဖြိုး သေဆုံးခဲ့မှုနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ၎င်းသည်နေအိမ်မှ ဘုရားသုံးဆူမြို့သို့ ၎င်းပိုင် မော်တော်ယာဉ်ဖြင့် တစ်ဦးတည်း မောင်းနှင်လာစဉ် ရွာသစ်ကျေးရွာအရောက်၌ အနောက်မှ ဆိုင်ကယ်စီးနင်းလိုက်ပါလာသည့် အမျိုးသား တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းသည် ၂၀၂၀ ရွေးကောက်ပွဲ၌ မွန်ညီညွတ်ရေးပါတီမှ အမျိုးသားလွှတ်တော် အမှတ်(၄)မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူဖြစ်ကြောင်း သိရှိခဲ့သည်။

ဖြစ်စဉ်မှ ဒေါ်မိဝေသီဖြိုးအား ဒဏ်ရာရသေဆုံးအောင် သေနတ်ဖြင့် ပစ်ခတ်ခဲ့သူအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၉

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/၈လ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကောမ်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစနစ်နှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲတို့သို့ သွားရောက်၍ ကြီးကြပ်ရေး ဆရာတော်ကြီးများနှင့် စာဖြေသံယာများအား သွားရောက်ဖူးမြော်ကြည်ညိုု

နေပြည်တော် ဇွန် ၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ဒုတိယဝန်ကြီးများဖြစ်သည့် ဦးအေးထွန်း၊ ဦးထွန်းအုံတို့နှင့်အတူ ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့ မဟာဇနကဗိမာန်နှင့် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီးတို့၌ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး၌ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

ထို့နောက် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကြီးကြပ်ရေး ဆရာတော်များအား ပြည်ထောင်စုဝန်ကြီးက ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲအောင်စာရင်းတို့ကို ဧူလိုင်လ တတိယပတ်၊ ဝါမဆိုမီကာလအတွင်း ထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

လှည့်လည်ဖူးမြော်

ယင်းနောက် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲဖြေဆိုတော်မူကြသော သံဃာတော်များနှင့် သီလရှင်များအား လှည့်လည်ဖူးမြော် ကြည်ညိုသည်။

၇ ရက်တိုင်တိုင် ကျင်းပ

၂၀၂၁ ခုနှစ် အဓိုးရဓမ္မာစရိယစာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ဓမ္မာစရိယစာဖြေဌာန ၅၉ ဌာနတို့တွင် ဇွန် ၁ ရက်မှ ၉ ရက်အထိ ၉ ရက်တိုင်တိုင် ကျင်းပလျက်ရှိပြီး ၂၀၂၁ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ပါဠိပထမပြန်စာဖြေဌာန ၂၄၁ ဌာနတို့တွင် ဇွန် ၇ ရက်မှ ၁၃ ရက်အထိ ၇ ရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။

ယနေ့ကျင်းပသော ၂၀၂၁ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းစာဖြေဌာန၌ စာဖြေသံဃာတော် ၁၆၅ ပါးနှင့် သီလရှင် ၂၁ ပါး စုစုပေါင်း ၁၈၆ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဇေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဇေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်းတို့နှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (ကွမ်းခြံစု)၊ အခြေခံပညာအထက်တန်းကျောင်း (မင်းကုန်း)၊ အခြေခံပညာအထက်တန်းကျောင်း (ငန်းစပ်) နှင့် အခြေခံပညာအလယ်တန်းကျောင်း (ရွှေနှံသာ) ကျောင်းများသို့ သွားရောက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြား သင်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ လိုက်နာကျင့်သုံးကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းတက်စဉ်ကာလအတွင်း အခက်အခဲများရှိပါက ဆရာ ဆရာမများထံ သတင်းပို့တင်ပြလျှင် လိုအပ်ချက်များ အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများအား မည်သည့်ခွဲခြားမှုမျှမရှိစေဘဲ ပညာသင်ယူမှုအခွင့်အလမ်းများ တူညီစွာရရှိစေရေး ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

ကျောင်းပတ်ဝန်းကျင် လုံခြုံရေး၊ သန့်ရှင်းသာယာရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ မိမိကျောင်း၏ လိုအပ်ချက်များကို တင်ပြ၍ လုပ်ထုံးလုပ်နည်းနှင့် အညီ မြန်မြန်ဆန်ဆန် ဖြည့်ဆည်းဆောင်ရွက် စေလိုပါကြောင်း၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေး အရည်အသွေး တိုးတက်ကောင်းမွန်ရန် အမြဲကြိုးစားဆောင်ရွက်နေကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်က အားထားရမည့် ပညာတတ်ပြီး ယဉ်ကျေးလိမ္မာသည့် လူတော်လူကောင်းများ ဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ကျေးရွာရပ်ကွက်များမှ ရပ်မိရပ်ဖများ၊ နယ်မြေခံတပ်မှ လုံခြုံရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ကျောင်းသား မိဘများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်၍ ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ကြောင်း အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှု၍ ကျောင်းခြံစည်းရိုး၊ မြေထိန်းနံရံ၊ စာသင်ဆောင်၊ စာသင်ခုံ၊ မျက်နှာကြက်၊ ရေစင်၊ ရေသန့်စက်များ၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာစသည့် လိုအပ်ချက်များ ဖြည့်ဆည်း ပေးနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်ကို ဒုတိယသက်တမ်းအတွက် အတည်ပြု

ဒုတိယငါးနှစ်သက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံရသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်။

ဂျီနီဗာ ဇွန် ၉

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်ကို ဒုတိယသက်တမ်းအတွက် ဇွန် ၈ ရက်က ထောက်ခံအတည်ပြုခဲ့သည်။

လုံခြုံရေးကောင်စီ၏ ဇွန်လ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရသော အက်စ်တိုးနီးယား၏ ကုလသမဂ္ဂသံအမတ်ကြီး ဆယ်ဗန်ဂျာဂျင်ဆန်က လုံခြုံရေးကောင်စီ၏ သီးသန့်ဆွေးနွေးပွဲပြီးနောက် ယင်းထောက်ခံချက်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး ဒုတိယငါးနှစ်သက်တမ်းအတွက် ဂူတာရက်စ်ကို ထပ်မံခန့်အပ်လိုက်ကြောင်း လုံခြုံရေးကောင်စီက ထောက်ခံပြောကြားခဲ့သည်။

အထွေထွေညီလာခံသည် ဂူတာရက်စ်၏ အတည်ပြုခန့်အပ်မှုကို ဇွန် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဂျာဂျင်ဆန်က ပြောကြားလိုက်သည်။

ဆင်ဟွာ

တောင်ကိုရီးယားတွင် အဆောက်အအုံ တစ်လုံး ပြိုကျရာ ကိုးဦးသေဆုံး

ဆိုးလ် ဇွန် ၉

တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်းတွင် အဆောက်အအုံတစ်လုံးပြိုကျမှုဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဇွန် ၉ ရက်က ဖော်ပြလိုက်သည်။

ငါးထပ်အဆောက်အအုံတစ်လုံးကို ဖြိုချနေစဉ်အတွင်း မမျှော်လင့်ဘဲ ယခုလို ပြိုကျခဲ့ခြင်းဖြစ်သည်။

အဆောက်အအုံ ပြိုကျမှုအနီး ရပ်ထားသော ဘတ်စ်ကားတစ်စီးလည်း ပြိုကျအပိုင်းအစများဖြင့် ပိနေခဲ့ရာ ကိုးဦး သေဆုံးခဲ့ပြီး တခြားရှစ်ဦးကို နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးသမားများသည် လူ ၁၇ ဦးကို ကယ်ဆယ်ခဲ့ပြီး အများစုမှာ အဆောက်အအုံအပျက်အစီးအောက် ပိမိနေသူများဖြစ်သည်။ ထို့အပြင် ကယ်ဆယ်ရေးသမားများသည် ဆက်လက်ပိတ်မိနေသူများရှိ၊ မရှိ ဆက်လက်ရှာဖွေလျက်ရှိသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် အဆောက်အအုံပြိုကျသည့် အကြောင်းရင်းကိုသိရှိရန် အသေးစိတ်စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆင်ဟွာ

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးချင်သူများကို အောက်တိုဘာသို့မဟုတ် နိုဝင်ဘာမတိုင်မီ ထိုးပေးရန် ဂျပန်အစိုးရရည်မှန်း

တိုကျို ဇွန် ၉

ဂျပန်အစိုးရသည် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးချင်သူများကို အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလမတိုင်မီ ထိုးပေးနိုင်ရေး ရည်မှန်းထားကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါ ယိုရှိဟိဒဲက ဇွန် ၉ ရက်က လွတ်တော်တွင် ထိုသို့မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးခံချင်သူများအားလုံးကို ကာကွယ်ဆေးများ အပြီးသတ် ထိုးပေးမည်ဖြစ်ကြောင်း ဆူဂါက ပြောကြားခဲ့သည်။ ထို့အပြင် မိမိအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကာကွယ်ဆေးထိုးဖြန့်ဝေခြင်းများကိုလည်း ဖြစ်နိုင်သမျှ အကောင်းဆုံးလုပ်ဆောင်မည်ဖြစ်ကြောင်း ပြောသည်။

ဂျပန်နိုင်ငံသည် အသက်ကြီးပိုင်းများကို ကာကွယ်ဆေးထိုးပေးခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများကို ဖေဖော်ဝါရီလတွင် ကာကွယ်ဆေးများ စတင်ထိုးနှံပေးခဲ့သည်။

ထို့အပြင် ကုမ္ပဏီများနှင့် တက္ကသိုလ်များသည် ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်မြင့်တက်လာစေရန် အားပေးကူညီလျက်ရှိသည်။ ၎င်းတို့သည် ၎င်းတို့၏ အလုပ်သမားများနှင့် ကျောင်းသားများကို ဇွန် ၂၁ ရက်မှစကာ ကာကွယ်ဆေးများ ထိုးပေးမည်ဖြစ်သည်။

ယခုအချိန်အထိ ဂျပန်နိုင်ငံတွင် လူဦးရေ ၁၀ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံပြီးပြီဖြစ်သည်။

အင်နှံအိတ်ချ်ကေ

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါ ယိုရှိဟိဒဲ ကို တွေ့ရစဉ်။

ယာဉ်တိုက်မှုကြောင့် ပျက်စီးသွားသော ဘတ်စ်ကားကို တွေ့ရစဉ်။

အိန္ဒိယတွင် ဘတ်စ်ကားက မြေကော်စက်ကို ဝင်ရောက်တိုက်ခဲ့ရာ ၁၇ ဦးထက်မနည်း သေဆုံး

နယူးဒေလီ ဇွန် ၉

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတရာပရာဒေ့ရှ် ပြည်နယ်တွင် ဇွန် ၉ ရက်က ဘတ်စ်ကားတစ်စီးက မြေကော်စက်ကြီး တစ်စီးကို ဝင်ရောက်တိုက်မိခဲ့ရာ ၁၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ပြီး အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း ရဲအဖွဲ့က ပြောကြားလိုက်သည်။

အရှိန်ပြင်းစွာမောင်းလာသော ဘတ်စ်ကားနှင့် မြေကော်စက်တို့ ဝင်ရောက်တိုက်မိခဲ့ရာ ဘတ်စ်ကားမှာ တိမ်းမှောက်ပြီး မြောင်းထဲသို့ ပြုတ်ကျခဲ့ကြောင်း အဆင့်မြင့်ရဲအရာရှိတစ်ဦးက မိဒီယာသို့ ပြောကြားခဲ့သည်။ သေဆုံးသူ ၁၆ ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ တစ်ဦးမှာ ကုသမှုပြုလုပ်နေစဉ် ရရှိသော ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။ မတော်တဆမှုတွင် ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

တိုက်မိသည့်အရှိန်မှာ ပြင်းထန်သောကြောင့် ဘတ်စ်ကားပေါ်ပါလာသည့် ခရီးသည်များအားလုံး ဒဏ်ရာအပြင်းအထန် ရရှိခဲ့ကြောင်း ရဲအရာရှိက ပြောသည်။ ကယ်ဆယ်ရေးသမားများမှာ ပျက်စီးနေသည့် ဘတ်စ်ကားပေါ်မှ ခရီးသည်များကို ခဲရာခဲဆစ် ဆွဲထုတ်ကယ်ဆယ်ခဲ့ရသည်။

ဘတ်စ်ကားသည် လက်ခ်နောင်းမှ ထွက်လာပြီး ဒေလီသို့ ဦးတည်သွားနေစဉ် ထိုသို့ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရဲအဖွဲ့သည် အဆိုပါဖြစ်စဉ်ကို အမှုဖွင့်ခဲ့ပြီး အသေးစိတ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ဆင်ဟွာ

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများ ထပ်တိုး

ဘန်ကောက် ဇွန် ၉

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တိုက်ဖျက်ရန် နိုင်ငံလုံးဆိုင်ရာ ကာကွယ်ဆေးထိုးလှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် ထိုင်းနိုင်ငံ၌ ဇွန် ၉ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၈၀ တိုးလာပြီး ၃၅ ဦး ထပ်မံသေဆုံးခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၁ ဦးမှာ ပြည်ပ ကူးစက်မှုဖြစ်ပြီး ၂၆၆၉ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၌ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၈၅၂၈ ဦး ရှိလာခဲ့သည်။ ထို့အတူ သေဆုံးသူပေါင်း ၁၃၃၂ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

ဆင်ဟွာ

ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် ဇွန် ၉

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၊ ကလောမြို့၊ ရပ်စောက်မြို့၊ ဟိုပုံးမြို့နှင့် ညောင်ရွှေမြို့တို့ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးကာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃၆ ဦး တွေ့ရှိ

COVID- 19 ရောဂါဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၃၂၃၃ ဦးရှိ

(၉–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၈–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၇၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၃၆,၇၉၁) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၄,၇၁၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၆၅၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၃၃) ဦး ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၉–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ	(၂၇၆) ခု	(၂၃) ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၃၀၉) ခု	–
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၁၀) ခု	–
ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀)	(၁၈) ခု	(၁) ဦး
စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀)	(၁၀) ခု	–
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၃၆၂) ခု	(၁၇) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၂၄၁) ခု	(၃၅) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၅၂၀) ခု	(၆၀) ဦး
စုစုပေါင်း	(၁,၇၄၆) ခု	(၁၃၆) ဦး

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၉ -၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၃၄၂၄၂၈၆၆	၂၈၂၂၀၈၆၃	၆၁၃၀၅၂
၂။	အိန္ဒိယ	၂၉၀၈၉၀၆၉	၂၇၅၀၄၁၂၆	၃၅၃၅၅၇
၃။	ဘရာဇီး	၁၇၀၃၈၂၆၀	၁၅၄၉၄၀၇၁	၄၇၇၃၀၇
၄။	ပြင်သစ်	၅၇၁၉၉၃၇	၅၄၄၂၉၉၉	၁၁၀၁၃၇
၅။	တူရကီ	၅၃၀၀၂၃၆	၅၁၇၃၁၈၆	၄၈၃၄၁
၆။	ရုရှား	၅၁၅၆၂၅၀	၄၇၆၁၈၉၉	၁၂၄၈၉၅
၇။	ဗြိတိန်	၄၅၂၈၄၄၂	၄၂၇၉၃၉၃	၁၂၇၈၅၄
၈။	အီတလီ	၄၂၃၅၅၉၂	၃၉၂၇၁၇၆	၁၂၆၆၉၀
၉။	အာဂျင်တီးနား	၄၀၀၈၇၇၁	၃၅၈၅၈၁၁	၈၂၆၆၇
၁၀။	ဂျာမနီ	၃၇၁၂၅၉၅	၃၅၅၇၆၀၀	၉၀၀၈၄

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၉ – ၆ – ၂၀၂၁

နိုင်ငံ	COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
အင်ဒိုနီးရှား	၁၈၇၇၀၅၀	၁၇၂၃၂၅၃	၅၂၁၆၂
ဖိလစ်ပိုင်	၁၂၈၆၂၁၇	၁၂၁၀၀၂၇	၂၂၁၉၀
မလေးရှား	၆၃၃၈၉၁	၅၄၈၇၀၅	၃၆၁၁
ထိုင်း	၁၈၅၂၂၈	၁၃၆၂၅၂	၁၃၃၂
မြန်မာ	၁၄၄၇၁၅	၁၃၂၆၅၅	၃၂၃၃
စင်ကာပူ	၆၂၂၂၃	၆၁၇၀၂	၃၄
ကမ္ဘောဒီးယား	၃၆၂၄၀	၂၉၀၄၇	၂၈၉
ဗီယက်နမ်	၉၅၆၅	၃၆၃၆	၅၅
လာအို	၁၉၇၁	၁၇၉၅	၃
ဘရူနိုင်း	၂၄၆	၂၃၁	၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ၄၉ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ၄၉ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၊ မြို့နယ် ၄၉ မြို့နယ်၌ မဲရုံပေါင်း ၃၅၉၁ ရုံ၊ မဲဆန္ဒရှင် စုစုပေါင်း ၃၆၃၄၈၃ ဦး ရှိသည့်အနက် ၂၄၂၁၃၄၈ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၆၆.၆၃ ရာခိုင်နှုန်းရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၃၁ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
(ဂ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
(င) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(စ) ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊
(ဆ) တအာင်း(ပလောင်)အမျိုးသားပါတီ၊
(ဇ) ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊
(ဈ) မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၊
(ည) ကချင်အမျိုးသားကွန်ဂရက်ပါတီ၊
(ဋ) 'ဝ' အမျိုးသားပါတီ၊
(ဌ) ပြည်သူ့ရှေ့ဆောင်ပါတီ၊
(ဍ) လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ဎ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊
(ဏ) ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊
(တ) ပြည်သူ့ပါတီ၊
(ထ) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊
(ဒ) အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊
(ဓ) အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(န) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊
(ပ) အမျိုးသားတိုးတက်မြင့်မားရေးပါတီ၊
(ဖ) ဖက်ဒရယ်ပြည်ထောင်စုပါတီ၊
(ဗ) ကယန်းအမျိုးသားပါတီ၊
(ဘ) ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ၊
(မ) ကချင်အမျိုးသားပါတီ၊
(ယ) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊
(ရ) မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ၊
(လ) လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊
(ဝ) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊
(သ) အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ဟ) လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ဠ) တစ်သီးပုဂ္ဂလ။

၃။ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်၊ မြို့နယ် ၄၉ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၆၃၄၈၃ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၀၅၅၅၈၇ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၆၁၆၅၃၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၂၆၉၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၀၉၂၄၈ ဦး ဖြစ်သည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၄၉ မြို့နယ်တွင် မဲရုံပေါင်း ၃၅၉၁ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၀၂၃၁၉၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၉၉၂၂၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၂၃၆၆၉၊ မြေပြင်လက်ကျန် ၁၅၇၄၉၀၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၉၆၆၆၆ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၄၇၆၀၄ ဖြစ်သည်။ မြို့နယ်အလိုက်ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

၆။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

စဉ်	မြို့နယ်	မဲရုံပေါင်း	မြို့နယ်ကော်မရှင်စာရင်း	လဝကစာရင်း	နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ	နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ	နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ
၁	တောင်ကြီး	၂၄၅၅	၃၂၄၉၁၃	၂၀၉၃၁၅၅	၂၃၃၁၈	၂၀၅၁	၃၄၆၆၄
၂	ညောင်ရွှေ	၁၄၃	၁၃၀၅၈၃	၁၃၀၄၃၄	၁၄၀၉၂	၀၅၄	၁၂၂၀၂
၃	ကလော	၁၄၁	၁၃၈၀၁၉	၁၁၆၃၈၉	၁၄၈၈၆	၁၀၁၀	၁၃၈၈၀
၄	ရွာငံ	၅၂	၆၁၉၃၀	၅၆၆၃၃	၃၀၂၀	၃၂၉	၅၀၆၅
၅	ပင်လောင်း	၁၄၃	၁၃၃၃၀၃	၁၂၃၉၁၁	၁၀၄၅၄	၁၄၉၈	၁၅၉၅၈
၆	ကွမ်းလုံ	၅၈	၃၈၁၉၀	၃၆၅၀၇	၉၀၅၈	၆၉	၂၀၆၀
၇	တန့်ယန်း	၀၉	၁၁၁၆၈၆	၉၁၁၁၈	၄၁၆၃၂	၄၆၉	၆၀၃၆
၈	ကုန်းကြမ်း	၂၁	၂၀၆၀၂	၂၃၁၅၅	၁၀၀၁၅	၉	၅၅၆
၉	ကျောသီး	၆၀	၅၈၅၉၉	၃၅၂၆၄	၂၀၀၈၃	၁၀၈	၃၃၅၂
၁၀	သီပေါ	၁၁၁	၁၃၆၀၂၁	၁၀၃၉၈၄	၄၂၀၁၁	၅၀၀	၉၃၄၈
၁၁	ပင်းတယ	၀၈	၆၁၁၈၀	၅၆၄၆၈	၄၂၄၅	၄၂၄	၆၀၀၄
၁၂	ဖယ်ခုံ	၁၁၀	၆၆၀၀၃	၆၀၀၀၄	၂၄၈၅	၄၁၀	၀၀၀၈
၁၃	မိုင်းဆတ်	၅၈	၅၉၀၀၃	၄၄၃၄၀	၁၀၀၃၄	၂၈၁	၄၂၁၈
၁၄	မိုင်းယန်း	၂၀	၆၅၈၀	၂၈၉၀၉	၁၁၀	၃	၁၀၅၅
၁၅	မိုးနဲ	၃၁	၂၈၈၁၀	၂၉၀၀၀	၁၆၉၈	၀၂	၁၅၈၂
၁၆	သိန္နီ	၆၀	၃၈၀၁၉	၃၅၃၈၁	၄၀၀၉	၁၀၄	၂၉၆၈
၁၀	ကျောက်မဲ	၉၉	၁၁၈၀၉၅	၈၆၁၆၄	၁၄၀၀၉	၀၂၆	၁၀၀၂၄
၁၈	နောင်ချို	၈၁	၁၀၅၄၂၆	၈၉၆၅၀	၀၀၅၃	၀၈၂	၁၀၅၅၄
၁၉	မိုးမိတ်	၆၈	၄၀၉၃၀	၃၀၁၄၀	၅၈၃၃	၅၀	၂၆၄၈
၂၀	မဘိမ်း	၄၄	၃၂၉၁၈	၂၄၃၅၂	၃၆၀၉	၅၈	၁၀၂၀
၂၁	မက်မန်း	၄၃	၁၁၆၀၈	၁၂၉၄၁	၃၀၆	၅၉	၈၅၆
၂၂	မိုင်းတုံ	၆၄	၄၀၆၈၀	၄၁၉၂၅	၁၈၄၈၉	၂၈၅	၃၀၁
၂၃	မူဆယ်	၉၉	၁၁၅၀၁၆	၈၁၆၄၆	၁၉၀၈၆	၁၃၃	၁၁၄၀၂
၂၄	ကွတ်ခိုင်	၁၂၈	၁၂၈၁၈၂	၈၂၈၉၈	၄၅၅၀၁	၁၀၀၈	၉၀၀၄
၂၅	မိုင်းခတ်	၂၀	၁၆၈၃၁	၂၃၀၁၅	၂၁၀၄	၀၉	၁၃၀၀
၂၆	ကျိုင်းတုံ	၁၂၀	၁၂၈၆၁၂	၁၂၉၆၃၆	၁၂၈၂၉	၁၄၄၅	၁၄၂၀၂
၂၀	မိုင်းရဲယ်	၄၅	၄၈၆၀၉	၃၅၀၅၀	၂၁၉၁၅	၄၅	၁၀၆၈
၂၈	ဆီဆိုင်	၉၃	၁၀၆၁၆၃	၉၃၈၈၀	၉၈၃၆	၉၀၂	၁၁၉၅၆
၂၉	နမ့်စန်	၁၀၃	၉၂၃၆၄	၆၀၁၂၀	၁၉၄၀၈	၄၄၅	၆၆၁၄
၃၀	မိုင်းပျဉ်း	၅၅	၄၅၄၀၆	၄၃၅၆၀	၁၂၅၄၃	၂၀၈	၃၆၅၆
၃၁	ဟိုပုံး	၈၀	၈၂၅၀၂	၀၃၃၈၄	၁၁၉၆၆	၆၆၈	၈၆၉၂
၃၂	လွိုင်လင်	၈၁	၉၆၅၀၄	၈၀၆၅၁	၂၀၀၆၃	၀၆၂	၉၅၆၀
၃၃	ရပ်စောက်	၈၄	၁၁၀၄၀၈	၁၀၁၆၂၆	၁၂၈၀၂	၆၃၅	၉၀၉၈
၃၄	တာချီလိတ်	၀၀	၁၃၄၉၂၃	၁၀၄၉၀၄	၆၀၀၀	၁၀၃၅	၁၄၁၃၂
၃၅	မိုင်းဖြတ်	၃၉	၂၂၅၅၂	၂၁၆၈၄	၁၅၂၀	၉၆	၂၀၅၂
၃၆	လားရှိုး	၁၄၅	၂၂၀၃၉၉	၁၃၈၉၆၅	၅၂၉၃၀	၁၁၀၃	၁၄၉၀၂
၃၀	လင်းခေး	၃၉	၂၆၄၅၃	၄၀၆၁၄	၁၅၃၀	၅၁	၁၅၆၄
၃၈	လဲချား	၃၆	၃၉၆၈၄	၂၉၃၆၄	၉၄၁၅	၆၆	၁၀၉၀
၃၉	ဟိုပန်	၄၃	၂၂၆၁၀	၂၂၃၈၁	၄၆၂၆	၁၀၈	၁၉၆၂
၄၀	နမ့်ခမ်း	၁၁၅	၈၆၆၃၄	၈၁၀၅၁	၁၀၃၂၂	၉၆၀	၁၀၅၅၄
၄၁	လောက်ကိုင်	၂၉	၅၆၀၆၁	၃၀၂၉၀	၁၆၂၃၆	၂၁၀	၃၀၅၈
၄၂	မိုင်းယောင်း	၆၈	၂၀၁၉၁	၄၆၀၈၀	၂၁၂		၆၂
၄၃	ကွန်ဟိန်း	၄၄	၄၅၀၅၀	၂၅၆၉၉	၁၅၅၂၂	၁၀၆	၂၆၅၈
၄၄	မိုင်းရွား	၄၅	၅၂၄၄၆	၂၉၂၉၆	၁၀၀၁၆	၁၀၄	၂၀၆၀
၄၅	မောက်မယ်	၃၂	၂၂၂၀၃	၁၉၈၈၈	၁၄၅၀	၀၃	၁၅၅၀
၄၆	မိုင်းပန်	၂၆	၁၃၃၄၆	၁၀၄၉၉	၁၀၀၂	၂၄	၅၀၂
၄၀	နမ့်တူ	၄၈	၃၃၆၅၈	၃၂၆၃၆	၂၂၀၂	၁၆၃	၂၀၃၆
၄၈	နမ့်ဆန်	၅၁	၄၀၃၈၈	၄၀၉၃၁	၀၀၀၂	၂၂၀	၂၄၄၆
၄၉	မန်တုံ	၃၀	၂၄၃၉၃	၂၂၂၁	၄၈၈၅	၉၀	၁၀၃၆
	စုစုပေါင်း	၃၅၉၁	၃၆၃၄၈၃	၃၀၅၅၅၈၇	၆၁၆၅၃၁	၂၂၆၉၇	၃၀၉၂၄၈

စာမျက်နှာ ၁၆ သို့ ☆

✰ စာမျက်နှာ ၁၅ မှ

မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

စဉ်	မြို့နယ်	မဲရုံပေါင်း	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရှိရမည့်မဲလက်မှတ်	မြေပြင်လက်ကျန်	ကွာခြားချက်	
							ပျောက်ဆုံး	ပို
၁	တောင်ကြီး	၂၄၅	၃၄၃၆၇၁	၂၄၃၃၆၂	၁၀၀၃၀၉	၉၆၂၀၉	၇၈၇၀	၃၇၇၀
၂	ညောင်ရွှေ	၁၄၃	၁၅၄၅၇၁	၁၁၆၅၆၆	၃၈၀၀၅	၃၅၄၆၁	၂၅၄၆	၂
၃	ကလော	၁၄၁	၁၅၁၃၇၀	၁၁၇၈၃၆	၃၃၅၃၄	၃၁၆၈၉	၃၅၈၃	၁၇၃၈
၄	ရွာငံ	၅၂	၆၉၄၂၉	၅၆၆၉၈	၁၂၇၃၁	၁၃၅၁၇	၃၅၃	၁၁၃၉
၅	ပင်လောင်း	၁၄၃	၁၄၈၈၉၇	၁၁၄၇၅၂	၃၄၁၄၅	၃၄၂၀၄	၁၁၈၁	၁၂၄၀
၆	ကွမ်းလုံ	၅၈	၄၂၉၈၃	၁၉၄၇၃	၂၃၅၁၀	၂၂၃၃၃	၂၇၁၀	၁၅၃၃
၇	တန့်ယန်း	၇၉	၁၂၈၀၃၄	၅၈၂၁၅	၆၉၈၁၉	၆၇၇၂၅	၃၁၇၅	၁၀၈၁
၈	ကုန်းကြမ်း	၂၁	၂၉၀၅၀	၁၀၅၉၁	၁၈၄၅၉	၁၈၃၈၅	၇၄	
၉	ကျေးသီး	၆၀	၆၉၂၃၅	၂၈၉၀၂	၄၀၃၃၃	၃၉၄၆၃	၂၂၁၂	၁၃၄၂
၁၀	သီပေါ	၁၁၁	၁၅၄၈၅၃	၈၈၀၅၁	၆၆၈၀၂	၆၆၂၂၃	၉၄၁	၃၆၂
၁၁	ပင်းတယ	၇၈	၆၉၀၀၇	၅၆၆၀၃	၁၂၄၀၄	၁၁၄၃၀	၁၄၇၆	၅၀၂
၁၂	ဖယ်ခုံ	၁၁၀	၇၇၉၅၉	၅၆၀၄၈	၂၁၉၁၁	၂၁၅၁၇	၄၆၈	၇၄
၁၃	မိုင်းဆတ်	၅၈	၆၈၁၆၉	၃၇၅၄၁	၃၀၆၂၈	၂၉၂၉၀	၁၆၉၁	၃၅၃
၁၄	မိုင်းယန်း	၂၀	၉၅၀၇	၅၁၉၂	၄၃၁၅	၄၀၉၉	၂၁၆	
၁၅	မိုးနဲ	၃၁	၃၁၃၈၃	၂၂၄၄၅	၈၉၃၈	၈၉၁၅	၅၁	၂၈
၁၆	သိန္နီ	၆၀	၄၃၇၂၄	၂၇၁၅၅	၁၆၅၆၉	၁၆၁၃၈	၁၇၃၀	၁၂၉၉
၁၇	ကျောက်မဲ	၉၉	၁၄၄၈၂၂	၇၀၄၆၄	၇၄၃၅၈	၇၄၁၀၅	၁၂၀၇	၉၅၄
၁၈	နောင်ချို	၈၁	၁၁၄၀၁၄	၇၉၁၃၂	၃၄၈၈၂	၃၄၄၄၂	၆၅၀	၂၁၀
၁၉	မိုးမိတ်	၆၈	၅၅၆၇၀	၃၅၃၃၈	၂၀၃၃၂	၁၉၆၅၅	၉၈၂	၃၀၅
၂၀	မဘိမ်း	၄၄	၃၇၀၇၁	၂၇၅၅၂	၉၅၁၉	၉၅၃၆	၃၅၇	၃၇၄
၂၁	မက်မန်း	၄၃	၁၄၆၁၁	၉၄၃၁	၅၁၈၀	၄၉၃၃	၄၄၃	၁၉၆
၂၂	မိုင်းတုံ	၆၄	၄၉၇၀၈	၂၉၇၈၆	၁၉၉၂၂	၁၉၉၀၁	၂၁၀	၁၈၉
၂၃	မူဆယ်	၉၉	၁၂၀၅၅၀	၆၁၇၉၀	၅၈၇၆၀	၅၆၂၃၇	၄၅၇၈	၂၀၅၅
၂၄	ကွတ်ခိုင်	၁၂၈	၁၄၆၉၇၀	၅၉၄၅၂	၈၇၅၁၈	၈၅၅၆၀	၂၄၈၄	၅၂၆
၂၅	မိုင်းခတ်	၂၇	၂၀၄၆၅	၇၉၈၆	၁၂၄၇၉	၁၁၆၂၃	၉၄၃	၈၇
၂၆	ကျိုင်းတုံ	၁၂၀	၁၄၀၄၉၈	၆၉၅၇၉	၇၀၉၁၉	၆၉၃၅၉	၃၈၀၉	၂၂၄၉
၂၇	မိုင်းရယ်	၄၅	၅၄၃၂၇	၂၇၆၃၉	၂၆၆၈၈	၂၅၀၇၂	၂၅၂၇	၉၁၁
၂၈	ဆီဆိုင်	၉၃	၁၁၀၄၀၈	၈၁၁၅၆	၂၉၂၅၂	၂၉၁၅၅	၇၉၅	၆၉၈
၂၉	နမ့်စန်	၁၀၃	၁၀၃၅၆၃	၅၃၀၄၅	၅၀၅၁၈	၄၈၀၈၃	၄၇၀၄	၂၂၆၉
၃၀	မိုင်းပျဉ်း	၅၅	၅၀၂၁၂	၂၇၅၈၄	၂၂၆၂၈	၂၂၄၅၅	၃၄၆	၁၇၃
၃၁	ဟိုပုံး	၈၀	၈၉၉၁၈	၅၈၂၈၄	၃၁၆၃၄	၃၀၅၃၇	၁၈၈၂	၇၈၅
၃၂	လွိုင်လင်	၈၁	၁၀၆၅၅၈	၄၈၀၅၆	၅၈၅၀၂	၅၅၆၃၇	၈၀၁၃	၅၁၄၈
၃၃	ရပ်စောက်	၈၄	၁၂၂၃၂	၈၈၃၉၉	၃၃၈၃၃	၃၂၇၇၅	၁၁၅၂	၉၄
၃၄	တာချီလိတ်	၇၀	၁၃၆၉၉၀	၇၆၀၂၄	၆၀၉၆၆	၆၃၂၉၀	၉၉	၂၄၂၃
၃၅	မိုင်းဖြတ်	၃၉	၂၆၈၉၀	၁၅၉၂၄	၁၀၉၆၆	၁၀၉၁၀	၅၈	၂
၃၆	လားရှိုး	၁၄၅	၂၃၀၉၅၀	၁၁၈၁၃၀	၁၁၂၈၂၀	၁၀၄၇၂၀	၁၈၇၉၁	၁၀၆၉၁
၃၇	လင်းခေး	၃၉	၂၉၆၈၆	၂၂၁၈၅	၇၅၀၁	၇၅၀၁		
၃၈	လဲချား	၃၆	၄၅၁၆၇	၁၈၇၉၈	၂၆၃၆၉	၂၅၉၃၁	၅၀၇	၆၉
၃၉	ဟိုပန်	၄၃	၂၄၄၀၀	၁၃၄၀၄	၁၀၉၉၆	၁၀၂၈၇	၁၀၉၁	၃၈၂
၄၀	နမ့်ခမ်း	၁၁၅	၉၇၃၅၀	၆၀၆၈၀	၃၆၆၇၀	၂၉၈၈၆	၇၆၅၁	၈၆၇
၄၁	လောက်ကိုင်	၂၉	၆၁၂၂၆	၁၇၉၃၈	၄၃၂၈၈	၄၂၉၉၃	၂၉၅	
၄၂	မိုင်းယောင်း	၆၈	၃၂၇၀၄	၂၁၃၉၁	၁၁၃၁၃	၁၀၀၅၉	၁၃၇၉	၁၂၅
၄၃	ကွန်ဟိန်း	၄၄	၅၀၅၄၆	၂၂၀၇၈	၂၈၄၆၈	၂၈၆၀၃	၈၆	၂၂၁
၄၄	မိုင်းရှူး	၄၅	၅၇၀၁၅	၂၅၃၈၅	၃၁၆၃၀	၃၁၈၄၂	၈၂၂	၁၀၃၄
၄၅	မောက်မယ်	၃၂	၂၅၉၈၉	၁၈၃၈၁	၇၆၀၈	၇၅၂၄	၈၇	၃
၄၆	မိုင်းပန်	၂၆	၁၅၆၆၄	၁၁၂၃၉	၄၄၂၅	၄၄၂၆		၁
၄၇	နမ္မတူ	၄၈	၃၅၈၇၈	၂၄၃၈၉	၁၁၄၈၉	၁၁၃၉၈	၁၉၁	၁၀၀
၄၈	နမ့်ဆန်	၅၁	၅၁၀၀၀	၂၅၂၃၈	၂၅၇၆၂	၂၅၅၆၂	၂၀၀	
၄၉	မန်တုံ	၃၇	၂၈၃၀၀	၁၃၉၃၈	၁၄၃၆၂	၁၄၃၁၂	၅၀	
	စုစုပေါင်း	**၃၅၉၁**	**၄၀၂၃၀၉၄**	**၂၃၉၉၂၂၅**	**၁၆၂၃၉၆၉**	**၁၅၇၄၉၀၇**	**၉၆၆၆၆**	**၄၇၆၀၄**

၇။ ရှမ်းပြည်နယ်၊ မြို့နယ် ၄၉ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က)**အရ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ ရှမ်းပြည်နယ်၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၆၁၆၅၃၁ ဦး၊ ၃ ကြိမ်နှင့်အထက်ပါဝင်နေသူ ၂၂၆၉၇ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၃၀၉၂၄၈ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ရှမ်းပြည်နယ်၌ မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

(ခ) မဲရုံပေါင်း ၃၅၉၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၀၂၃၀၉၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၉၉၂၂၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၂၃၉၆၉၊ မြေပြင်လက်ကျန် ၁၅၇၄၉၀၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၉၆၆၆၆၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက် ၄၇၆၀၄ ဖြစ်သည်။ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ်ပျောက်ဆုံးခြင်းများသည် တရားမဝင်ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

(ဂ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆိုပါ မြို့နယ် ၄၉ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၂၄၂၁၃၄၈ ဦး၊ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၂၃၉၉၂၂၅ စောင်ဖြစ်၍ မဲလက်မှတ်သုံးစွဲမှုတွင် ၂၂၁၂၃ စောင် လျော့နည်းအသုံးပြုထားကြောင်း တွေ့ရှိရသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ် မြို့နယ် ၄၉ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် မဲပေးသူဦးရေမှာ ၂၄၂၁၃၄၈ ဦးဖြစ်ပြီး မဲရုံမဲပေးသူ ၁၉၄၈၁၁၄ ဦး၊ ကြိုတင်မဲပေးသူ ၄၇၃၀၃၄ ဦးဖြစ်သဖြင့် မဲရုံမဲပေးသူ ၈၀.၄၆ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၁၉.၅၄ ရာခိုင်နှုန်း ဖြစ်သည်။

(င) မဲလက်မှတ်လက်ခံဖြတ်ပိုင်းပါ မဲရုံအိတ်အချို့ ပျောက်ဆုံးနေကြောင်းတွေ့ရှိရပြီး မြေပြင်ဖွင့်ဖောက်စစ်ဆေးမှု ပြုလုပ်သည့်အချိန်မှသာ သက်ဆိုင်ရာ မဲရုံမှူးတာဝန်ထမ်းဆောင်ခဲ့သူမှ လာရောက်အပ်နှံခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

(စ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်း/လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံမှုများရှိကြောင်း စိစစ်တွေ့ရှိရသည်။

(ဆ) သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်း ပုံစံ (၁)စာအုပ်များတွင် နောက်တိုးမဲဆန္ဒရှင်များကို လက်ရေးဖြင့် ဖြည့်သွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားပြီး အချို့ကျေးရွာအုပ်စုများတွင် မူလမဲဆန္ဒရှင် အမည်ကိုပင် မျဉ်းသားပယ်ဖျက်၍ အခြားမဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို ပြင်ဆင်ဖြည့်သွင်း မဲပေးခွင့်ပြုထားကြောင်း စိစစ်တွေ့ရှိရသည်။

(ဇ) အသက် ၁၈ နှစ် မပြည့်သူများကို မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဈ) မဲဆန္ဒရှင်စာရင်းပုံစံ(၁)များတွင် မဲဆန္ဒရှင် လက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုး ရိုက်နှိပ်ခြင်းမရှိဘဲ အမှန်ခြစ်အမှတ်အသားများသာ ရေးမှတ်၍ မဲလက်မှတ်များ ခွင့်ပြုထုတ်ပေးထားသည်ကို စိစစ်တွေ့ရှိရသည်။

(ည) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅(က)ပါအတိုင်း မဲဆန္ဒရှင်စာရင်းပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ လက်မှတ်ရေးထိုးခြင်းမရှိသည်ကို စိစစ်တွေ့ရှိရသည်။

(ဋ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဌ) ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေ တို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရသည်။

(ဍ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဎ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဏ) COVID–19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်–

(က) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ"**ဟု ပြဋ္ဌာန်း ထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

စာမျက်နှာ ၁၇ သို့ ✰

☆ စာမျက်နှာ ၁၆ မှ

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ခ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီအောင်နိုင်ရေးအဖွဲ့များ ပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တို့တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများ ထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဂ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မှုတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခွင့် ကာလ၊ ကြိုတင်ဆန္ဒမဲနှင့် ဆန္ဒမဲပေးသည့်နေ့ရက်များတွင် NLD ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသည်။

(င) မဲစာရင်းများတွင် အကြိမ်ကြိမ် ပါဝင်နေခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုရန် အခွင့်အလမ်းတစ်ရပ်သဖွယ်ဖြစ်နေပြီး မဲစာရင်း ၂ ကြိမ်/ ၃ ကြိမ်ပါဝင်နေသူများအနက် တစ်ကြိမ်ထက်ပိုမို ဆန္ဒပြုထားသူများကို တွေ့ရှိရသဖြင့် စိစစ်ဖော်ထုတ် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ ဆန္ဒမဲ ၂ ကြိမ်/ ၃ ကြိမ် ပေးမှုများကို အောက်ပါအခြေအနေများတွင် ပြုလုပ်နိုင်ပြီး သက်ဆိုင်ရာ မဲစာရင်းပုံစံ(၁)တွင် လက်မှတ်ရေးထိုးထားသည့် အထောက်အထားများအရ အသေးစိတ်စိစစ်လျက်ရှိသည်-

(၁) သက်ဆိုင်ရာ မဲဆန္ဒရှင်အနေဖြင့် မြို့တစ်မြို့တည်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများ၌ ကြိုတင်ဆန္ဒမဲပေးခြင်းကို ၎င်းအမည်စာရင်းပါ မဲရုံများတွင် ကြိုတင်ဆန္ဒမဲပေးမည့်နေ့ ရက်များတွင် ၁ ကြိမ်နှင့်အထက်မဲပေးနိုင်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံတွင် ၁ ကြိမ် ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

(၂) မဲမသမာမှုပြုလုပ်သူအနေဖြင့် ၎င်းမဲဆန္ဒရှင် အမည်စာရင်းပါ မြို့နယ်နှင့် အခြားမဲစာရင်းပါရှိသည့် မြို့နယ်တို့ နီးကပ်ခြင်း၊ ကျေးရွာအုပ်စုကပ်လျက်ရှိခြင်း စသည့်အခြေအနေများတွင်လည်း ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

(၃) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင်လည်း မဲရုံတွင် လက်သန်းမင်မတို့ဘဲ ရောင်လွှဲကာ အခြားမဲစာရင်းပါရှိသည့် မဲရုံများတွင် ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

၉။ အထက်ပါ မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံတိုင်း၌ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက်၍ မလျော်သြဇာအသုံးပြု၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၁၀။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ မြို့နယ် ၄၉ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ အထက်ပါ စိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှု မရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ရွေးကောက်ပွဲသည် လွှတ်လပ်၍ တရားမျှတမှုမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရှမ်းပြည်နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။

နမ့်စန်မြို့နယ်၊ အမှတ်(၁)ရပ်ကွက် မဲရုံအမှတ်(၃)တွင် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ အသက် ၁၈ နှစ်မပြည့်သေးသည့် မဲဆန္ဒရှင် ၂ ဦးအား ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၁ စောင်

ပုံစံ (၁)

၂၀၂၀ ပြည့်နှစ်၊ ....လွှတ်တော်မဲဆန္ဒနယ် ၏ မဲဆန္ဒရှင်စာရင်း

(နည်းဥပဒေ ၄)

.... တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) မြို့နယ်အမည်-နမ့်စန်

မဲဆန္ဒရှင်ပေါင်း (၂၁၃၁) ဦး - ကျား (၁၀၁၆) ဦး - မ (၁၁၁၅) ဦး

မဲရုံအမှတ် (၃)(အ.မ.က ရှေ့တွင်) ၊အမှတ်(၁)ရပ်ကွက်၊နမ့်စန်

စဉ်	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်	ကျား/မ	မွေးသက္ကရာဇ်	မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	ထိုးမြလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ
၇၄၁	ဒေါ်ကျေ့	မ	၀၆-၁၂-၁၉၅၇	၁၃/နစန(နိုင်)၀၀၇၂၂၉	ဦးပုကြီး	ဒေါ်ဆယ်	မရ-၀၃၊ဗုဒ္ဓရာဇာ၁၁/၁၄၂၊	
၇၄၂	ဒေါ်နွယ်နွယ်ထွေး	မ	14-12-1988	၁၃/နစန(နိုင်)၀၅၀၆၁၂	ဦးချစ်ပြုံး	ဒေါ်ကျေ့	မရ-၀၃၊ဗုဒ္ဓရာဇာ၁၁/၁၄၂၊	
၇၄၃	ဒေါ်ကြည်ကြည်ဝေ	မ	၁.၁.၁၉၇၈	၁၃/နစန(နိုင်)၀၂၈၇၇၂	ဦးချစ်ပြုံး	ဒေါ်ကျေ့	မရ-၀၃၊ဗုဒ္ဓရာဇာ၁၁/၁၄၂၊	
၇၄၄	ဒေါ်အေးဇန်လွင်ငြိမ်း	မ	၀၅-၁၂-၂၀၀၂	0	ဦးထွန်းထွန်း	ဒေါ်ကြည်ကြည်ဝေ	မရ-၀၃၊ဗုဒ္ဓရာဇာ၁၁/၁၄၂၊	
၇၄၅	ဦးကျော်မင်း	ကျား	၀၅-၁၀-၁၉၇၃	၁၃/နစန(နိုင်)၀၂၆၈၁၂	ဦးချစ်ပြုံး	ဒေါ်ကျေ့	မရ-၀၃၊ဗုဒ္ဓရာဇာ၁၁/၁၄၂(ခ)၊	
၇၄၆	ဒေါ်မြင့်မြင့်ခိုင်	မ	၀၆-၀၅-၁၉၇၇	၁၃/ကသန(နိုင်)၀၂၂၈၈၀	ဦးသောင်းညွန့်	ဒေါ်ချို	မရ-၀၃၊ဗုဒ္ဓရာဇာ၁၁/၁၄၂(ခ)၊	
၇၄၇	ဦးဇော်မင်းထက်	ကျား	21-11-2000	၁၃/နစန(နိုင်)၀၈၉၁၂၂	ဦးကျော်မင်း	ဒေါ်မြင့်မြင့်ခိုင်	မရ-၀၃၊ဗုဒ္ဓရာဇာ၁၁/၁၄၂(ခ)၊	
၇၄၈	ဦးဝင်းမောင်	ကျား	၁၀-၀၁-၁၉၆၀	၉/ပမန(နိုင်)၀၀၅၇၉၇	ဦးလှော်	ဒေါ်လှကြည်	မရ-၀၃၊ဗုဒ္ဓရာဇာ၁၁/၁၄၄၊	
၇၄၉	ဒေါ်စိုးကြည်	မ	၀၈-၀၅-၁၉၆၃	၉/ပမန(နိုင်)၀၀၅၇၉၆	ဦးထွန်းညို	ဒေါ်ထိန်	မရ-၀၃၊ရေငုပ်စာသင်ကျောင်း၁၁/၁၄၄၊	
၇၅၀	ဦးလှိုင်မိုးဝင်း	ကျား	၀၄-၀၅-၁၉၈၉	၁၃/တကန(နိုင်)၂၉၃၄၁၆	ဦးဝင်းမောင်	ဒေါ်စိုးကြည်	မရ-၀၃၊ရေငုပ်စာသင်ကျောင်း၁၁/၁၄၄၊	

စာမျက်နှာ - 75/214 အတင်းရေးမှူး ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ ခွဲ

နမ့်စန်မြို့နယ်၊ မက်မွန်းမုန်းကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် မူလမဲဆန္ဒရှင် ၂ ဦး၏ အမည်နှင့်အချက်အလက်များအား မင်ဖျက်ဆေးဖြင့်ဖျက်၍ အခြားသူ ၂ ဦး၏အမည်အား လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၂ စောင်

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း

၂၀၂၀ ပြည့်နှစ်၊ ....လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း

(နည်းဥပဒေ ၄)

.... တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) မြို့နယ်အမည်-နမ့်စန်

မဲဆန္ဒရှင်ပေါင်း (၉၄၆) ဦး - ကျား (၄၄၈) ဦး - မ (၄၉၈) ဦး

မဲရုံအမှတ် (၂) နမ့်မော်ခေါက်ဆင့်ကျေးရွာ မက်မွန်းမုန်းကျေးရွာအုပ်စု

စဉ်	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်	ကျား/မ	မွေးသက္ကရာဇ်	မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	ထိုးမြလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ
၁၃၁	ဒေါ်ခင်သိန်း	မ	၄-၁-၁၉၆၅	၁၃/နစန(နိုင်)၀၁၀၁၆၆	ဦးချစ်	ဒေါ်ပေါ	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၃၂	ဒေါ်တင်အေး	မ	၃၀-၆-၁၉၅၅	၁၃/နစန(နိုင်)၀၉၅၅၀၆	ဦးဘသောင်း	ဒေါ်မယ်သန်	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၃၃	ဦးသန်းဝင်း	ကျား	၃၀-၆-၁၉၇၇	၁၃/နစန(နိုင်)၀၆၀၈၃၁	ဦးခွေးညို	ဒေါ်တင်အေး	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၃၄	ဦးဆန်းဦး	ကျား	၃၀-၆-၁၉၈၄	၁၃/နစန(နိုင်)၀၅၁၆၁၈	ဦးခွေးညို	ဒေါ်တင်အေး	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၃၅	ဦးစန်းလွင်	ကျား	၂-၁၂-၁၉၇၅	၁၃/သစန(နိုင်)၁၂၆၁၀၄	ဦးကျော်သိန်း	ဒေါ်ကြင့်လှိုင်	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၃၆	ဒေါ်မိုးမိုး	မ	၁၀-၈-၁၉၈၄	၁၃/နစန(နိုင်)၀၄၅၅၆၅	ဦးကျော်စွာ	ဒေါ်အုန်းကြည်	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၃၇	ဒေါ်ခိုင်ဇုမွန်	မ	၁၁-၁၁-၂၀၀၂	၁၃/နစန(နိုင်)၀၉၈၅၄၆၉	ဦးမြမင်း	ဒေါ်မြင့်မြင့်ထင်း	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၃၈	ဒေါ်နှာရ	မ	၉-၂-၁၉၉၉	၁၃/ကမန(နိုင်)၀၉၅၄၃၇	ဦးကျားညို	ဒေါ်အုန်းကြည်	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၃၉	ဦးပြုံးချို	ကျား	၃၀-၆-၁၉၆၄	၁၃/နစန(နိုင်)၀၁၅၀၇၀	ဦးဖိုးတူ	ဒေါ်တင်ကြည်	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၄၀	ဒေါ်သန်းအေး	မ	၃-၇-၁၉၇၄	၁၃/နစန(နိုင်)၀၇၆၄၉၁	ဦးလှထွန်း	ဒေါ်တင်လှ	မရ-၀၂နမ့်မော်ခေါက်ဆင့်	

ဥက္ကဋ္ဌရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ စာမျက်နှာ - 14/96 အတွင်းရေးမှူး ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း

၂၀၂၀ ပြည့်နှစ်၊ ....လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း

(နည်းဥပဒေ ၄)

.... တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) မြို့နယ်အမည်-နမ့်စန်

မဲဆန္ဒရှင်ပေါင်း (၉၄၆) ဦး - ကျား (၄၄၈) ဦး - မ (၄၉၈) ဦး

မဲရုံအမှတ် (၂) နမ့်မော်ခေါက်ဆင့်ကျေးရွာ မက်မွန်းမုန်းကျေးရွာအုပ်စု

စဉ်	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်	ကျား/မ	မွေးသက္ကရာဇ်	မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	ထိုးမြလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ
၁၇၁	ဦးနေလင်းနိုင်	ကျား	၁၃-၆-၁၉၉၁	၁၃/နစန(နိုင်)၀၆၀၉၄၄	ဦးထွန်းလင်း	ဒေါ်ခင်မာဝင်း	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၇၂	ဦးအောင်ကျော်စန်း	ကျား	၁၀.၁၂.၁၃၃၈	၈/မလန(နိုင်)၁၃၃၈၀၅	ဦးဖိုးခင်	ဒေါ်သင်ဖိုး	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၇၃	ဦးစိုင်းပန္န	ကျား	၁၁-၂-၁၉၇၄	၁၃/နစန(နိုင်)၀၄၃၂၆၂	ဦးငွေမောင်	ဒေါ်နန်းမေ	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၇၄	ဒေါ်ခင်ထွေး	မ	၃၀-၆-၁၉၇၇	၁၃/နစန(နိုင်)၀၆၈၀၃၈	ဦးအိုက်လှ	ဒေါ်နန်းပဲ	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၇၅	ဦးသိန်းဇော်	ကျား	၃၀-၆-၂၀၀၀	မရှိ	ဦးစိုင်းပန္န	ဒေါ်ခင်ထွေး	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၇၆	ဦးထွန်းမင်း	ကျား	၃၀-၆-၁၉၈၀	၁၃/နစန(နိုင်)၀၃၁၆၇၆	ဦးချစ်တီး	ဒေါ်ပေါ်	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၇၇	ဒေါ်စန်းစန်းအေး	မ	၃၀-၆-၁၉၈၂	၁၃/နစန(နိုင်)၀၄၅၅၁၉	ဦးရွှေဒေါင်း	ဒေါ်ခင်စိန်	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၇၈	ဒေါ်ဥမ္မာဇင်	မ	၂၆.၂.၂၀၀၁	၁၃/နစန(နိုင်)၀၉၀၈၈၉	ဦးထွန်းမင်း	ဒေါ်စန်းစန်းအေး	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၇၉	ဒေါ်တင်မြင့်	မ	၃၀-၁၀-၁၉၆၀	၁၃/နစန(နိုင်)၀၁၀၂၁၉	ဦးပိုရှင်	ဒေါ်ဩ	မရ-၀၂နမ့်မော်ခေါက်ဆင့်	
၁၈၀	ဦးအောင်အောင်	ကျား	၁၀-၆-၁၉၉၂	၁၃/နစန(နိုင်)၀၄၇၀၁၄	ဦးကျော်လှ	ဒေါ်တင်မြင့်	မရ-၀၂နမ့်မော်ခေါက်ဆင့်	

ဥက္ကဋ္ဌရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ စာမျက်နှာ - 18/96 အတွင်းရေးမှူး ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

လှိုင်လင်မြို့နယ်၊ ဆင်ခြေဖုန်းကျေးရွာအုပ်စု မဲရုံအမှတ်(၃)တွင် ထပ်တိုးမဲဆန္ဒရှင် ၁၅ ဦးအား လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၂ စောင်

ပုံစံ-(၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း၊
၂၀၂၀ ခုနှစ်၊ ....ပြည်သူ့......လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)
ရှမ်းပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ်(၀)

မြို့နယ်အမည် - လှိုင်လင်မြို့နယ်

မဲဆန္ဒရှင်ပေါင်း (၄၂၁) ဦး - ကျား (၂၀၇) ဦး - မ (၂၁၄) ဦး

မဲရုံအမှတ် (၃) (စစ်စီ အမက) ၊ ဆင်ခြေဖုန်း ကျေးရွာအုပ်စု

စဉ်	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်	ကျား/မ	မွေးသက္ကရာဇ်	မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ
၄၂၁	~~ဒေါ်ရိုရိုလွင်~~	~~မ~~	~~၇.၁၀.၈၉၉၃~~	~~၉/ကပတ(နိုင်)၂၄၄၂၆၇~~	~~ဦးစင်မောင်ဝင်း~~	~~ဒေါ်စင်မီ~~	မရ-၀၃၊ ကုန်းမကာကျေးရွာ	
၄၂၂	ဒေါ်နန်းစံဟွမ်	မ	၇.၁.၁၃၄၄	၁၃/လလန(နိုင်)၀၈၉၀၃၀	လုံးဆိုင်	ဒေါ်နန်းရေနံ	စစ်စီရွာ ၊ ဆင်ခြေဖုန်းအုပ်စု	
၄၂၃	နန်းဌေးကြာ	မ	၁၁.၁၁.၁၃၈၁	၁၃/လလန(နိုင်)၁၀၈၂၈၉	ဦးလှမောင်	ဒေါ်ယီလိုင်	စစ်စီရွာ၊ ဆင်ခြေဖုန်းအုပ်စု	
၄၂၄	ခမ်းရီ	မ	၁၃၆၄	၁၃/လလန(နိုင်)၁၁၀၈၂၆၉	ဦးမောင်ထွန်း	ဒေါ်မြို့တုတ်	စစ်စီရွာ၊ ဆင်ခြေဖုန်းအုပ်စု	ခမ်းရီ
၄၂၅	မဒိုး	မ	၁၉၈၁	၁၃/လလန(နိုင်)၁၂၆၁၃၇	ဦးသက်ရှည်	ဒေါ်နန်းဆံ	ကုန်းမကာ	
၄၂၆	နိုင်းအောင်သိန်း	ကျား	၇.၂.၁၃၆၄	၁၃/လလန(နိုင်)၁၂၆၈၂၂	ဦးထုံးပန်း	ဒေါ်ပန်းဝေ	ကုန်းမကာ	
၄၂၇	နန်းမြဝင်း	မ	၁၃၅၁ . ကဆုန် လဆန်း ၆	၁၃/လလန(နိုင်)၁၀၈၃၆၀၁	ဦးမောင်ဌေ	ဒေါ်နန်းဆံ	ကုန်းမကာ	နန်းမြဝင်း
၄၂၈	စိုင်းကျော်ဖ	ကျား	၁၅.၆.၂၀၀၁	၁၃/လလန(နိုင်)၁၅၆၅၁	ဦးဆိုင်ကံခင်	ဒေါ်နန်းယောင်	ကုန်းမကာ	စိုင်းကျော်ဖ
၄၂၉	မဒွီး	မ	၁၅.၆.၂၀၀၂	၁၃/လလန(နိုင်)၁၅၆၅၆	ဦးတင်ဌေ	ဒေါ်ဒိုးရွှေ	ပွေ့မောင်း	မဒွီး
၄၃၀	ခွန်အောင်ဘမော်	ကျား	၁၃၄၅ ... ဆိတ် လဆန်း ၆	၇/ထတပ(နိုင်) ၀၄၄၀၄၉	ဦးမောင်ထွန်း	ဒေါ်ခင်နု	ဆော့မောင်း	BA Maw

အတွင်းရေးမှူး

စဉ်	ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်	ကျား/မ	မွေးသက္ကရာဇ်	မှတ်ပုံတင်အမှတ်	အဘအမည်	အမိအမည်	နေရပ်လိပ်စာ	ထိုးမြဲလက်မှတ်
၄၃၁	နန်းနိုင်	မ	ဆုံး ၁-၁-၁၃၃၃	-	ဦးထုံးမြွှန်း	ဒေါ်ပါကွင်း	စစ်စီရွာ	
၄၃၂	ခွန်အောင်မြင့်	ကျား	၁၅.၆..၂၀၀၃	၁၃/လလန(နိုင်)၁၅၆၀၀၅	ဦးခွန်မောင်ပြာ	ဒေါ်မီဓောင်	ပွေ့မောင်းရွာ	ခွန်အောင်မြင့်
၄၃၃	ခွန်နိုးထိုက်	ကျား	၇.၅.၁၃၆၂	၁၃/လလန(နိုင်)၁၁၈၀၈၆	ဦးဝေ	ဒေါ်ဆမ်းရု	ပင်ဒုံရွာ	[illegible]
၄၃၄	ဦးမောင်ဟယ်	ကျား	၃.၉.၁၃၂၉	၁၃/လလန(နိုင်)၀၈၉၂၀၂	ဦးဝါရိန်ချုပ်	ဒေါ်ပါလု	စစ်စီရွာ	မောင်ဟယ်
၄၃၅	ဒေါ်နိုးငယ်	မ	၁၉၇၂	၁၃/လလန(နိုင်)	ဦးပဆွာ	ဒေါ်မြို့အောင်	စစ်စီရွာ	
၄၃၆	ခွန်မောင်ခွီး	ကျား	၁၃၅၆	၁၃/လလန(နိုင်)၁၁၆၅၂၆	ဦးမောင်ခု	ဒေါ်မြို့ကွမ်း	စစ်စီရွာ	

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးပြုလုပ်

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၃) ဦးအောင်သန်းဦး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်ပြီး တက်ရောက်လာကြသူများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၁) ကြိမ်မြောက်အစည်းအဝေးမှတ်တမ်းအား အတည်ပြုပေးပါရန် တင်ပြသည်။

ဆက်လက်၍ ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆန်ကြိတ်ခွဲခြင်း၊ ဆန်ဖွပ်ချော သန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာတင်ပြခြင်းနှင့် ရွှေမြန်မာရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် CMP စနစ်နှင့် Normal စနစ် နှစ်မျိုးဖြင့် ငါးမျိုးစုံတန်ဖိုးမြင့် ပြုပြင်ထုတ်လုပ် တင်ပို့ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြခြင်းတို့ကို တင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ခုနစ်ခုတို့၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

သတင်းစဉ်

သီပေါ သာသနာ့မြေ လွယ်မုပ်တောင်တွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်း တူးဖော်

သီပေါ ဇွန် ၉

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စံဖိတ်ကျေးရွာ ရွှေမောင်းသီလရှင်ကျောင်း သာသနာ့နယ်မြေတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်မည့်နေရာ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့က လွယ်မုပ်တောင်ကျောင်းတိုက် ပရိဝုဏ်၌ ကျင်းပသည်။

ရှေးဦးစွာ စက်ရေတွင်းတူးဖော်မည့်နေရာကို ရွှေမောင်းသီလရှင်ကျောင်းတိုက် ပဓာနနာယကဆရာကြီး ဒေါ်ဂုဏဝတီနှင့် အလှူရှင်ပြည့်ဖြိုးအောင် စက်သုံးဆီရောင်းဝယ်ရေး ဦးစောနိုင်နှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။

စက်ရေတွင်းတူးဖော်ရေးအတွက် ပြည့်ဖြိုးအောင်စက်သုံးဆီရောင်းဝယ်ရေး မိသားစုက မတည်ငွေကျပ် ၁၀ သိန်း လှူဒါန်းပြီး လှူဒါန်းလိုသူများအနေဖြင့် ဦးစိုင်းမြတ်လွင် ဖုန်း၀၉- ၄၀၃၇၆၄၅၈၊ ဦးစိုင်းမြတ်အောင် ဖုန်း-၀၉-၉၆၀၀၉၃၃၈၃နှင့် ဦးစိုင်းနော်ခမ်း ဖုန်း-၀၉-၂၅၉၁၆၇၆၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

စိုင်း(သီပေါ)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၆-၂၀၂၂ ကြာသပတေးနေ့

MRTV

၀၆:၀၀ ရတနာသုတ်ပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ NRC အစီအစဉ် **'ပင်လယ်ပျော်များရဲ့အားမာန်'**
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၄၀ ပြည်သူ့နီတိ **'ဘဝလမ်းကိုရွေးချယ်ခြင်း'**
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်၏စေညွှန်ရာ'** (အပိုင်း-၅၁)
၁၅:၀၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ရူပဗေဒဘာသာရပ်'**
၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၀၅ Soccer View
၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ ပုလဲကော်ရီမှ အိုးတန်ပုလဲ ရတနာလေးများ
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပေမတ္တာလွန်ဆွဲပွဲ'** (အပိုင်း-၇၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'နှတ်ဆိုးပလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၄)
၂၂:၂၀ ပြည်သူ့နီတိ **'ငမွဲထိုက်ဝေ'**

mitv

07:27 Those Who Never Give Up (Ep-6) In Pursuit of a dream (1)
07:42 Those Who Never Give Up (Ep-6) In Pursuit of a dream (2)
08:01 Myanmar Traditional Instruments (MYANMA OBOE) (1)
08:13 Myanmar Traditional Instruments (MYANMA OBOE) (2)
08:27 Dances of Myanmar (Pre Kayaw Traditional Dance)
08:31 The Crocodiles of Meinmahla Island -1
08:44 The Crocodiles of Meinmahla Island -2
09:01 ASEAN Women Entrepreneurship: Philippines
09:12 Rakhine The Land Of Sublime Pagodas (1)
09:27 Rakhine The Land Of Sublime Pagodas (2)
09:43 Products of Myanmar - Bamboo Hat
09:52 A Nun's Creation in Fruit Carving

MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀) ဗိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ
ကယား (၀၈:၀၀ မှ ၁၀:၀၀) သဘာဝအလှတရားရှိရာထီးစဲခါးရေတံခွန်ဆီ
စကောကရင် (၁၀:၀၀ မှ ၁၁:၀၀) သွေးတိုးရောဂါအကြောင်းသိကောင်းစရာ
အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀) ရွှေကရင်ရဲ့ပိန်းရွက်ခြောက်သုပ်
အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀) စာပေစကားပြောကြရအောင်(အပိုင်း-၂)
ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀) တောင်ကြာပန်းများစံပျော်ရာဗိန်မူတောင်
ချင်း (ချို) (၁၄:၀၀ မှ ၁၅:၀၀) မဒါးအိမ်နူးသို့အလည်တစ်ခေါက်
မွန် (၁၅:၀၀ မှ ၁၇:၀၀) ဒီရေတောနှင့်ရှင်သန်သူ
ရခိုင် (၁၇:၀၀ မှ ၁၉:၀၀) ပြုံးပဒေသာ(မောင်သာလှနှင့်လီစာ) (အပိုင်း-၃)
ရှမ်း (၁၉:၀၀ မှ ၂၁:၀၀) ညှို့သည်လာရင်မြန်မာ့စိုးရိုးသားတဲ့လူမျိုး
ဝ (၂၁:၀၀ မှ ၂၂:၀၀) 'ဝ'စာပေစကားပြောကြရအောင်(အပိုင်း-၃)

MRTV Sports

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ **Education Channel** ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

❍ **ကျောဖုံးမှ**

အားကစားပြိုင်ပွဲတို့ကို သတ်မှတ်ရက်အတိုင်း ကျင်းပနိုင်ခြင်းရှိမရှိ ပြန်လည်အတည်ပြုမည်ဖြစ်သည်။ ဆီးဂိမ်းအဖွဲ့ချုပ်အနေဖြင့် အိမ်ရှင် ဗီယက်နမ်အပါအဝင် အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံးမှ ကိုယ်စားလှယ်များနှင့် ယခုလအတွင်း အစည်းအဝေးပြုလုပ်ကာ ဆီးဂိမ်းပြိုင်ပွဲနှင့် ပတ်သက်၍ အတည်ပြုသွားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို ယခုနှစ်အတွင်း ကျင်းပနိုင်ခြင်းမရှိဘဲ ရွှေ့ဆိုင်းခဲ့ရပါက လာမည့်နှစ် မတ်လ သို့မဟုတ် နှစ်လယ်ပိုင်းသို့ ရွှေ့ဆိုင်းဖွယ်ရှိကြောင်း ဒေသတွင်းမီဒီယာများက ဆက်လက်ဖော်ပြခဲ့သည်။ ထို့ပြင် စင်ကာပူနိုင်ငံကလည်း လာမည့်ဆီးဂိမ်းပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ဆန္ဒရှိနေကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ရေကူး၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ Shuttlecock၊ ဘိလိယက်နှင့် စနူကာ၊ Kurash၊ ကာယဗလ၊ ဘိုးလင်း၊ လက်ဝှေ့၊ ကနူး/ကယက်၊ စစ်တုရင်၊ စက်ဘီး၊ ဓားရေး၊ ဘောလုံး/ဖူဆယ်/သဲသောင်ပြင်ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဂျူဒို၊ ဂျူဂျစ်ဆု၊ ကရာတေး၊ ကစ်ဘောင်ဆင်၊ မွေထိုင်း၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ အပြည်ပြည်ဆိုင်ရာလှေ၊ Handball၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ (Triathlon)၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ နပန်း၊ ဝူရှူး၊ Esport နှင့် Dancesport အားကစားနည်းစုစုပေါင်း ၄၀ ထည့်သွင်းကျင်းပရန် စီစဉ်ထားပြီး ပြိုင်ပွဲအမျိုးအစားပေါင်း ၅၀၀ ကျော် ပါဝင်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲ (ယခင် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲ) ကို ၁၉၅၉ ခုနှစ်မှစတင်ကာ နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရသည့် ၁၉၆၃ ခုနှစ်မှလွဲ၍ ကျန်အကြိမ်များတွင် ပုံမှန်အတိုင်း ကျင်းပနိုင်ခဲ့သည်။ ၁၉၆၃ ခုနှစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နိုင်ငံရေးအခြေအနေများကြောင့် ပြိုင်ပွဲကျင်းပနိုင်ခြင်းမရှိဘဲ ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် အာဆီယံမသန်စွမ်းပြိုင်ပွဲကို ပြီးခဲ့သည့်နှစ်ကလည်း ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပနိုင်ခြင်း မရှိဘဲ ဖျက်သိမ်းခဲ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၁၈ မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

ရဲရင့်လွင်

❖ **ကျောဖုံးမှ**

ကစားသမားများဖြင့် ဘရာဇီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဘရာဇီးအသင်းကလည်း ယနေ့ပွဲစဉ်တွင် ရာနူန်းပြည့် နိုင်ပွဲဆက်လက်ထိန်းထားနိုင်ရန်အတွက် အီဒါဆင်၊ မာကွင်ဟို့စ်၊ မီလီတာအို၊ ရစ်ချတ်လီဆန်၊ ဖရက်၊ ကက်စမဲရို၊ ဂျီးဆပ်၊ နေမာ၊ ဖာမီနိုစသည့် ကစားသမားများဖြင့် ပါရာဂွေးအသင်းကို ရင်ဆိုင်လာခဲ့သည်။

ယနေ့ပွဲစဉ်တွင် ဘရာဇီးအသင်းသည် ပါရာဂွေးအသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှုပိုင်းတွင် အသာစီးရယူထားနိုင်ခြင်း မရှိသည်ကို တွေ့ရပြီး အဆုံးသတ် သေချာမှုကြောင့်သာ နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဘရာဇီးအသင်းသည် အဖွင့်ဂိုးကို ပွဲချိန်လေးမိနစ်တွင် ဂျီးဆပ်၏ ဖန်တီးပေးမှုမှတစ်ဆင့် နေမာက သွင်းယူပေးနိုင်ခဲ့သည်။ ဘရာဇီးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်ပြီးခါနီးတွင် နေမာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ပါကွီတာက သွင်းယူပေးနိုင်ခဲ့သည်။ ဘရာဇီးအသင်းသည် ဇွန် ၁၄ ရက်တွင် ကိုပါအမေရိကဖလားပြိုင်ပွဲအဖြစ် ဗင်နီဇွဲလားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အခြားသော ၂၀၂၂ ကမ္ဘာ့ဖလား တောင်အမေရိကဇုန် ခြေစစ်ပွဲများရလဒ်အဖြစ် ဗင်နီဇွဲလားအသင်းနှင့် ဥရုဂွေးအသင်းတို့ ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သည်။ ကိုလံဘီယာအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ထို့အပြင် ချီလီအသင်းနှင့် ဘိုလီဗီးယားအသင်းတို့ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ **အောင်ဇော်**

ယနေ့ဈေးကွက်ပေါက်ဈေးများ

၉-၆-၂၀၂၂

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၅၇၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၄၇၇၆၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၅၇၀၀၀၀
မန္တလေး	၁၅ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၄၇၇၆၀၀

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၁၀၁၅	ကျပ်	၁၀၅၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၀၃၅	ကျပ်	၁၀၆၅	ကျပ်
အောက်တိန်း ၉၂	၁၀၁၅	ကျပ်	၁၀၅၅	ကျပ်
အောက်တိန်း ၉၅	၁၁၀၀	ကျပ်	၁၁၅၅	ကျပ်

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၆၀၄
ဥရောပ	တစ်ယူရို	ကျပ်	၁၈၁၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၅၅
ထိုင်း	တစ်ဘတ်	ကျပ်	၄၈ . ၉
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၄၀၀
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၃၈
တရုတ်	တစ်ယွမ်	ကျပ်	၂၃၉

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉၁၀၀	၉၂၀၀	၈၅၉	၇၈၃၀၉၀၀
MTSH	၃၅၅၀	၃၅၅၀	၁၁၈၂	၄၁၉၆၁၀၀
MCB	၈၁၀၀	၈၁၀၀	၄၀	၃၂၄၀၀၀
FPB	၁၉၅၀၀	၁၉၅၀၀	၅၃	၁၀၃၃၅၀၀
TMH	၂၈၀၀	၂၈၀၀	၄၀၀၈	၁၁၂၂၂၄၀၀
EFR	၃၀၅၀	၃၀၅၀	၁၀၈	၃၂၉၄၀၀
AHP	၄၉၀၀	၅၀၀၀	၆၀	၂၉၅၀၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၀၄၊ **စီမံ** ၀၁-၅၄၄၃၀၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၀၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ထူးချွန်သူ ၅၀၀ တို့၏ ကိုယ်တွေ့အောင်မြင်ရေးနိုတ်များ



နေပြည်တော် ဇွန် ၉

Napoleon Hill ၏ Succeed and Grow Rich Through Persuasion စာအုပ်မှ Power Plus Motivation : Epigrams အခန်းကို မောင်မြင့်ကြွယ်နှင့် မောင်မောင်အေး (MMA) တို့က ဘာသာပြန်ထားသည့် "ထူးချွန်သူ ၅၀၀ တို့၏ ကိုယ်တွေ့အောင်မြင်ရေးနိုတ်များ" စာအုပ်ငယ်မှာ ဖတ်ရှုရုံမျှသာမကဘဲ လိုက်နာကျင့်ကြံကြရမည့် စာအုပ်ဖြစ်ပြီး အမှန်တကယ် လိုက်နာကျင့်သုံးသည်နှင့်အမျှလည်း အကျိုးထူးမည့် စာအုပ်မျိုးဖြစ်သည်။

အောင်မြင်မှုရခဲ့သူ ပုဂ္ဂိုလ်ကျော် ၅၀၀ တို့၏ ဘဝကိုယ်တွေ့နိုတ်များက ကြီးပွားတိုးတက်လိုသူများကို လမ်းပြပေးနိုင်မည့် လမ်းညွှန်များလည်း ဖြစ်ကြသည်။ စာအုပ်ကို အကျိုးရှိအောင် အသုံးပြုနိုင်ရေးအတွက် "ပထမဦးစွာ အစမှအဆုံးအထိ တစ်ခေါက်မှ နှစ်ခေါက်အထိ တောက်လျှောက်ဖတ်ကြည့်လိုက်ပါ။ ထို့နောက် မိမိနှစ်သက်သော စာပိုဒ်များကို ရွေးထုတ်လိုက်ပါ။ ထိုစာပိုဒ်များကို အထပ်ထပ်အခါခါ ထပ်မံဖတ်ရှုပါ။ ပြီးမှ မိမိအနှစ်ခြုံက်ဆုံးစာပိုဒ်သုံးလေးပိုဒ် သို့မဟုတ် မိမိလိုက်နာဆောင်ရွက်လိုသည့်အရေအတွက်အထိ ရွေးထုတ်လိုက်ပါ။

"ထို့နောက် အဆိုပါစာပိုဒ်များကို သင်အမြဲတစေ မြင်တွေ့နေရသည့် နေရာ(ဥပမာ စာရေးစားပွဲရှေ့)၌ ရေးကပ်ထားလိုက်ပြီးနောက် အဖန်ဖန်တလဲလဲ ဖတ်ရှုနေခြင်းဖြင့် မိမိ၏ ကိုယ်ပိုင်အတွေးအခေါ်များ ဖြစ်လာသည်အထိ မွေးစားလိုက်ပါ။ ထိုအတွေးအခေါ်များကို လက်တွေ့လိုက်နာကျင့်သုံးရန် ကြိုးစားပါ။ ညစဉ်ညတိုင်း ထိုအတွေးအခေါ်များအနက် အရေးအတွက်မည်မျှကို မိမိလိုက်နာကျင့်သုံးဖြစ်ခဲ့ပါသနည်းဟု ပြန်လည်သုံးသပ်၍ မှတ်တမ်းတင်ထားပါ။

"ဤအလေ့အကျင့်ကို နေ့စဉ်မှန်မှန် ပြုစုပျိုးထောင်သွားမည်ဆိုပါက မိမိ၏ရည်မှန်းချက်တိုင်း ဖြစ်မြောက်လာပါလိမ့်မည်။ မိမိ၏ ကြိုးစားမှုအပေါ်တွင် မူတည်၍ အနေးနှင့်အမြန် အောင်မြင်မှုရရှိလာပါလိမ့်မည်"ဟူ၍ စာအုပ်၏နိဒါန်းတွင် နည်းပေးလမ်းပြပြုထားသည်။

၂၀၀၉ ခုနှစ်က ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ယခုဒုတိယအကြိမ်အဖြစ် ထပ်မံ၍ ထုတ်ဝေခြင်းဖြစ်သည်။ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း (အလယ်)၊ အမှတ် (၁၇၃/ ၁၇၅) ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ နေပြည်တော်၊ သပြေကုန်းစွေး၊ အမှတ်(၈-၅၅) ရှိ စာပေဗိမာန်စာအုပ်ဆိုင်(နေပြည်တော်)၊ ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ အမှတ် (၅၂၉/၅၃၁) ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ရန်ကုန်)၊ မန္တလေး၊ အောင်မြေသာဇံမြို့နယ် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေး)တို့တွင် တစ်အုပ်လျှင် ကျပ် ၂၅၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။

မြန်မာ့အလင်း

အခွန်ထမ်းတစ်ဦးချင်း၏ အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ

အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေးများ ရှိသည်ကို သိရှိနိုင်ပါရန် အသိပေးအပ်ပါသည် -

(၁) အခွန်ဥပဒေများနှင့်အညီ လိုက်နာရမည့် အချက်အလက်များကို သိရှိနိုင်ခွင့်၊ သက်ဆိုင်ရာ အခွန်ပုံစံများ၊ ညွှန်ကြားချက်များ၊ ထုတ်ပြန်ချက်များ၊ အမိန့်ကြော်ငြာစာများ၊ အကြောင်းကြားစာများကို ရှင်းလင်းစွာ သိရှိနိုင်ခွင့်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ၊ ရလဒ်များအပေါ် ရှင်းလင်းချက်များ တောင်းဆိုပိုင်ခွင့်နှင့် ရရှိပိုင်ခွင့်များ ရှိပါသည်။

(၂) အခွန်ထမ်းပြည်သူများသည် စစ်ဆေးမည့်နှစ်နှင့် သက်ဆိုင်ရာစာရင်းများကို စစ်ဆေးရန် အများဆုံးကြာမြင့်မည့် အချိန်ကာလ၊ ဌာန၏သဘောထား စသည်တို့အား အခွန်ထမ်းများထံမှ အချက်အလက်ရရှိနိုင်မှုအပေါ်မူတည်ပြီး သိရှိနိုင်ခွင့်ရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ထမ်းများပေးအပ်သည့် သတင်းအချက်အလက်များအားလုံးကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ လျှို့ဝှက်စွာထိန်းသိမ်းထားရှိမည်ဖြစ်ပါသည်။

(၃) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ ကြေညာလွှာကို တင်သွင်းနိုင်ခြင်းမရှိပါက ကြေညာလွှာတင်သွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့် ရှိပါသည်။ ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး သာမန်အားဖြင့် (၁၅)ရက်ထက်မပိုသောကာလအထိ တိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပါသည်။ ယင်းကာလထက် ပိုမိုလိုအပ်ပါက လုံလောက်သောအကြောင်းအရာများ၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၄) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ အခွန်ပေးသွင်းနိုင်ခြင်းမရှိပါက အခွန်ပေးသွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့်ရှိပါသည်။ အခွန်ပေးသွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး၊ ပေးဆောင်ရမည့် အခွန်ငွေပမာဏနှင့် ဒဏ်ကြေးငွေအား တစ်လုံးတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ပေးသွင်းရန် တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၅) အခွန်ထမ်းပြည်သူများသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်စဉ်းစားပေးရန် လျှောက်ထားခွင့် ရှိပါသည်။

(၆) အခွန်ထမ်းပြည်သူများသည် သက်ဆိုင်ရာအခွန်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခွန်ထမ်းကိုယ်စား အခွန်ဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်ရန် တရားဝင်ခန့်အပ်ထားသော ကိုယ်စားလှယ်ကို ထားပိုင်ခွင့်ရှိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခြင်းအကြောင်း သိကောင်းစရာများ

၁။ ကုမ္ပဏီလုပ်ငန်းရှင်အခွန်ထမ်းပြည်သူများအနေဖြင့် လုပ်ငန်းတည်နေရာပြောင်းလဲခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းလဲခြင်း၊ လုပ်ငန်းပမာဏပြောင်းလဲခြင်းတို့ကြောင့် အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူရခြင်းများ ပေါ်ပေါက်နိုင်ပါသည်။

၂။ လက်ရှိအခွန်ထမ်းဆောင်လျက်ရှိသော အခွန်ထမ်းဖြစ်ပါက မိမိပြောင်းလဲစည်းကြပ်မှုခံယူလိုသည့် စည်းကြပ်နှစ်မတိုင်မီ တစ်လကြိုတင်၍ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (Centralized Taxpayer Service Unit–CTSU) တွင် လျှောက်ထားရမည် ဖြစ်ပါသည်။

၃။ အခွန်ထမ်းမှတ်ပုံတင်အသစ် လျှောက်ထားသူဖြစ်ပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (CTSU) မှ အခွန်ထမ်းဆောင်ရမည့် ရုံးအား သတ်မှတ်ပြန်ကြားသည့်နေ့မှ တစ်လအတွင်း အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (CTSU) တွင် လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လျှောက်ထားရာတွင် အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခွင့်ပြုပါရန် လျှောက်လွှာနှင့် မည်သည့်အတွက်ကြောင့် ပြောင်းလဲစည်းကြပ်မှုခံယူလိုကြောင်း ခိုင်လုံသောအကြောင်းပြချက်အပြည့်အစုံ တို့ကို တင်ပြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ အခွန်ရုံးပြောင်းလဲစည်းကြပ်မှုခံယူခွင့်ပြုပါရန် လျှောက်လွှာပုံစံကို www.ird.gov.mm တွင် ရယူနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ကံမမြို့နယ်၌ လက်နက်ကိုင်သောင်းကျန်းသူများ၏နယ်မြေအတွင်း ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သည့် အမျိုးသားလေးဦးနှင့် သင်တန်းတက်ရောက်ရန် စေလွှတ်ပေးသူ နှစ်ဦးတို့အား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၉

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ လက်နက်ကိုင်သောင်းကျန်းသူများ၏နယ်မြေအတွင်း ဖောက်ခွဲရေး သင်တန်းတက်ရောက်ခဲ့သည့် အမျိုးသားလေးဦးနှင့် သင်တန်းတက်ရောက်ရန် စေလွှတ်ပေးသူ နှစ်ဦးတို့အား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၈ ရက် နံနက် ၁၀ နာရီခွဲအချိန်တွင် ကံမမြို့နယ် ထန်းဖြူကျေးရွာ၏ အရှေ့ဘက် ၂ မိုင်ခန့်အကွာရှိ တောအတွင်း၌ လက်နက်ကိုင်သောင်းကျန်းသူများ၏နယ်မြေတွင် ဖောက်ခွဲရေး သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသူများသည် ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါတောအတွင်း သွားရောက် စစ်ဆေးခဲ့ရာ တောအတွင်းရှိ မိုးကာတဲတစ်လုံးအား တွေ့ရှိရပြီး ၎င်းတဲအတွင်းမှ ကျီးမီးကျေးရွာနေ ရှိုင်းအောင်(၂၉)နှစ် (ဘ) ဦးရန်သိန်းနှင့် အင်ကြီးကုန်းကျေးရွာနေ အောင်ဇော်မိုး (၁၈)နှစ် (ဘ) ဦးခင်မောင်ဦးတို့ နှစ်ဦးအား အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါနေရာတစ်ဝိုက်အား ဆက်လက်ရှာဖွေခဲ့ရာ မိုးကာတဲ၏မြောက်ဘက်ကိုက် ၃၅၀ ခန့် အကွာတွင် မိုးကာတဲတစ်ခုအား ထပ်မံတွေ့ရှိခဲ့ပြီး ၎င်းတဲအတွင်းမှ နတ်မီးတောက်ကျေးရွာနေသူများ ဖြစ်ကြသော ချစ်မိုးလွင် (၂၉)နှစ် (ဘ) ဦးအောင်ဆွေနှင့် ဒေါ်ဌေးဌေး ဝင်း (၃၅)နှစ် (ဘ)ဦးတင်ရှိန်တို့ နှစ်ဦးအား လက်လုပ်လေသေနတ် တစ်လက်အပါအဝင် အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့အား ကံမမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ NLD ပါတီဝင် တိုင်း(၁) လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဖြစ်သူ ဇော်ဝင်းနှင့် ပြည့်ဖြိုးအောင်(ခ) ကိုဖြိုး တို့အား ၎င်းတို့၏နေအိမ်အသီးသီးမှ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသူများအား လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

KIA အဖွဲ့ထံတွင် စစ်အခြေခံနှင့် ဖောက်ခွဲရေးသင်တန်းတက်ရောက်ခဲ့သူအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၉

နိုင်ငံတော်မှ အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော CRPH အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် ရည်ရွယ်၍ လူငယ်များအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံတွင် အကြမ်းဖက်သင်တန်းများ တက်ရောက်စေပြီး အများပြည်သူလူထု သွားလာလှုပ်ရှားလျက်ရှိသည့် နေရာများကို မိုင်းထောင်တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များ၏ ပညာရေးကို ထိခိုက်စေရန် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်းများကို လူသားချင်းစာနာ ထောက်ထားမှုမရှိဘဲ ဆောင်ရွက်လျက်ရှိသည်။

စိုးဝဏ္ဏ

NLD ပါတီမှ ဦးမျိုးဇော်အောင် (ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)

ထိုသို့ လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာ ရဲကင်းရှေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မန္တလေး-မြစ်ကြီးနား ကားလမ်းပေါ်ရှိ ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များအား ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇွန် ၇ ရက် ညနေ ၄ နာရီခန့်တွင် ကသာမြို့မှ မန္တလေးမြို့ဘက်သို့ ထွက်ခွာလာသည့် “စိန်အာရှ” ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသော စိုးဝဏ္ဏ(၂၆)နှစ်အား မသင်္ကာသဖြင့် စစ်ဆေးမေးမြန်းရာမှ ၎င်းသည် KIA အဖွဲ့ထံတွင် စစ်အခြေခံနှင့် ဖောက်ခွဲရေး သင်တန်း တက်ရောက်ခဲ့ကြောင်း စစ်ဆေးသိရှိရသည်။



စိုးဝဏ္ဏ သင်တန်းတက်ရောက်ခဲ့သည့် လိုင်ဇာမြို့အနီး သင်တန်းကျောင်း တည်နေရာပြမြေပုံ။

စိုးဝဏ္ဏအား စစ်ဆေးမေးမြန်းချက်အရ ၎င်း၏သူငယ်ချင်းဖြစ်သူ ပြည့်လျှံမြင့်၊ မျိုးမင်းဟန်တို့နှင့် အတူ KIA အဖွဲ့မှ မျိုးအောင်ဆိုသူ၏ ချိတ်ဆက်ပေးမှုအရ မတ် ၂၅ ရက်တွင် “ရွှေမှုဆယ်” မှန်လုံယာဉ်ဖြင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာခဲ့ကြောင်း၊ မန္တလေးမြို့သို့ ရောက်ရှိပြီးနောက် မတ် ၂၆ ရက်တွင် ခရီးသည်တင်ယာဉ်ဖြင့် မြစ်ကြီးနားမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း၊ မတ် ၂၇ ရက်တွင် KIA အဖွဲ့မှ စီစဉ်ပေးသော Hiace မှန်လုံယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ လိုင်ဇာမြို့သို့ ထွက်ခွာခဲ့ကြောင်း သိရှိရသည်။

အဆိုပါယာဉ်ပေါ်တွင် ၎င်းတို့နှင့်အတူ သင်တန်းတက်ရောက်မည့် အမျိုးသားနှစ်ဦးလိုက်ပါလာခဲ့ပြီး လိုင်ဇာမြို့အဝင်တွင် တစ်ညအိပ်ခဲ့ရကြောင်း၊ မတ် ၂၈ ရက်တွင် ၎င်းတို့နှင့်အတူ သင်တန်းတက်ရောက်မည့် အခြားအမျိုးသား ခုနစ်ဦးအား မြေသယ်ယာဉ်ဖြင့် လာရောက်ခေါ်ဆောင်၍ လိုက်ပါခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် လိုင်ဇာမြို့၏ အရှေ့ဘက်တောင်ပေါ်ရှိ KIA သင်တန်းကျောင်းနေရာသို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

သင်တန်းနေရာ၌ လူ ၆၀ ဆံ့ သင်တန်းသားအိပ်ဆောင် နှစ်လုံး၊ လူ ၂၀ ဆံ့ ရွက်ဖျင်တဲ ကိုးလုံး ရှိကြောင်း၊ ယင်းနေရာ၌ သင်တန်းအမှတ်စဉ်(၁) (Z-1)နှင့် အမှတ်စဉ် (၂) (Z-2)တို့ကို ဖွင့်လှစ်ခဲ့ပြီး ယခုအမှတ်စဉ်(၃) (Z-3) ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ (Z-3) သင်တန်းအား ဧပြီ ၂၀ ရက်မှ မေ ၁၄ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်းနှင့် သင်တန်း၌ မိုင်းပြုလုပ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ လက်နက်ငယ်ပစ်ခတ်ခြင်းတို့ကို လေ့ကျင့်ပေးခဲ့ကြောင်း သိရှိရသည်။

သင်တန်းဆင်းပွဲအား မေ ၁၅ ရက်တွင် ပြုလုပ်ခဲ့ပြီး သင်တန်းဆင်းပွဲသို့ KIA အဖွဲ့မှ တာဝန်ရှိသူ တစ်ဦး အပါအဝင် နည်းပြများ၊ NLD ပါတီမှ ဦးမျိုးဇော်အောင် (ကောလင်းမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း) အပါအဝင် NLD ပါတီဝင် သုံးဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

စိုးဝဏ္ဏ အပါအဝင် သင်တန်းတက်ရောက်ခဲ့သူများသည် မေ ၁၈ ရက်တွင် အုပ်စုများခွဲ၍ ပြန်လည်ထွက်ခွာခဲ့ရာ ဇွန် ၆ ရက်တွင် စိုးဝဏ္ဏနှင့် အခြားသင်တန်းသား လေးဦးမှာ မဘိမ်းမြို့နယ် မနားလေး ကျေးရွာအနီးသို့ ရောက်ရှိခဲ့ပြီး ညအိပ်ခဲ့ကြောင်း၊ ဇွန် ၇ ရက်တွင် မနားလေးကျေးရွာ အနီးမှတစ်ဆင့် “စိန်အာရှ” မှန်လုံယာဉ်ဖြင့် မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာရာမှ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ထိန်းသိမ်းခြင်းကို ခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံ စစ်သင်တန်း တက်ရောက်ခဲ့သူ စိုးဝဏ္ဏအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီး အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၉

နိုင်ငံ၏အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ဆူပူအကြမ်းဖက်လူတစ်စုက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်း၍ လိုအပ်သလို အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေခြင်း၊ အစိုးရဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ရန် လှုံ့ဆော်ခြင်း၊ အများပြည်သူနှင့် အစိုးရဝန်ထမ်းများအား အထိတ်တလန့်ဖြစ်စေရန်နှင့် ပြစ်မှုကျူးလွန်လာစေရန် လူမှုကွန်ရက်ပေါ်မှတစ်ဆင့် သွေးထိုးလှုံ့ဆော် ရေးသားခြင်းနှင့် ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင် ပါဝင်ခဲ့ခြင်းများ လုပ်ဆောင်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် ကျောက်ဖျာ(၁)လမ်းနေ စံငြိမ်း(ခ)စိုးညီ(ဘ) ဦးစိုးအောင်ကို ဇွန် ၈ ရက် ညနေ ၆ နာရီခန့်တွင် ၎င်း၏ နေအိမ်၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကော့သောင်း မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ၊ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

စံငြိမ်း(ခ)စိုးညီ

သတင်းစဉ်

မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် ဇွန် ၉

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် အကြမ်းဖက်လုပ်ဆောင်နေသူများ၊ လက်နက်၊ ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။

ထိုသို့ ဖော်ထုတ်လျက်ရှိရာ ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ယဉ်ကျေးကျေးရွာ၏ တောင်ဘက်တွင်ရှိသော တောရဘုန်းကြီးကျောင်း၌ ဆရာတော် ဉူးသုဇာတ ဦးဆောင်၍ လူငယ်၊ လူရွယ်များအား စစ်သင်တန်းပေးခြင်း၊ လက်နက် စုဆောင်းခြင်းများ ဆောင်ရွက်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါ တောရဘုန်းကြီးကျောင်း၌ မည်သူ တစ်ဦးတစ်ယောက်မှ မတွေ့ရှိရဘဲ ကျောင်းအတွင်းမှ တူမီးသေနတ် သုံးလက်၊ သစ်သားဒင်တစ်ခု၊ သံချောင်းရှစ်ချောင်း၊ လက်လုပ်မိုင်းမျိုးစုံ ၁၀၅ လုံး၊ သံပိုက်လုံး ၁၁ လုံး၊ PVC ပိုက် ၆၅ ချောင်း၊ ယမ်းမှုန့်ထည့်ထားသည့် ကော်ဘူး လေးဘူး၊ ယမ်းကြိုးခွေနှစ်ခွေ၊ ဒီတိုနေတာ တစ်ဘူးလျှင် အခု၁၀၀ ပါ သုံးဘူး၊ မီးစာတပ်ထားသည့် ခတ်ဆီပုလင်း ခြောက်လုံး၊ ဓား ရှစ်ချောင်း၊ လေးခွ ခြောက်လက်၊ ကွန်ပျူတာ မော်နီတာ တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ကားနံပါတ်ပြား လေးခုနှင့် ဆိုင်ကယ်နံပါတ်ပြား နှစ်ခု၊ Alarm Speaker (Remote) ပါ ၁၄ ခုတို့အား တွေ့ရှိသိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်၌ လက်လုပ်သေနတ်များနှင့် ဖောက်ခွဲရေးပစ္စည်း အများအပြား သိမ်းဆည်းရမိစဉ်။

ထို့အတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့မ ရဲစခန်း၏ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အမှုဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိသော တရားခံ မူဆယ်မြို့ မြောက်ရပ်ကွက်နေ စိုင်းအောင်ကျော်လေး (၂၅)နှစ် (ဘ) ဦးစိုင်းယီဆမ်၏ ထွက်ဆိုချက်အရ ၎င်းနေအိမ်၌ လက်နက်ခဲယမ်းများ သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် ဇွန် ၈ ရက် ည ၁၀ နာရီတွင် ၎င်းနေထိုင်သည့် မြောက်ရပ်ကွက်“Local Bar” စားသောက်ဆိုင်နှင့်တွဲလျက် နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ ၎င်း၏ အိမ်ခန်းအတွင်းရှိ ဖိနပ်စင်ပေါ်မှ လက်ပစ်ဗုံး သုံးလုံးနှင့် ပွိုင့် ၂၂ ကျည်ဟု ယူဆရသည့် ကျည် တစ်တောင့်တို့အား တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများ နှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီး ရေးလုပ်ရပ်များ လုပ်ဆောင်ရန် ကြိုးစားနေသူများအား ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၌ လူသေမှုနှင့် လူသတ်မှုကျူးလွန်ခဲ့သူများ၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၌ မုဒိမ်းမှုကျူးလွန်ခဲ့သူတို့အား ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ကျုံစုကျေးရွာ နှင်းဆီလမ်း မြသစ္စာအဆောင်နေ အာကာဟိန်းနှင့် ၎င်း၏ဇနီးဖြစ်သူ မအေးအေးထွေး (ဘ)ဦးလုံးစိန်တို့သည် မေ ၉ ရက် နံနက် ၉ နာရီခန့်တွင် စကားများရန်ဖြစ်ရာမှ အာကာဟိန်းမှာ ရရှိဒဏ်ရာများဖြင့် သွေးထွက်လွန်၍ သေဆုံးခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၃၀၄ အရ မအေးအေးထွေးအား ဇွန် ၈ ရက်တွင် “အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ်” အမိန့်ချမှတ်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ်(၃) ရပ်ကွက် မင်းရဲကျော်စွာ(၁၁)လမ်းနေ အောင်ချိုဝင်း (ဘ) ဦးချိုကြီးသည် ဧပြီလမှစ၍ မေ ၉ ရက်အထိ ကာလအတွင်း ၎င်း၏ သမီးအရင်းဖြစ်သူ (အသက် ၁၃ နှစ် ၅ လ)အား သားမယားအဖြစ် အကြိမ်ကြိမ်ပြုကျင့်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၃၇၆(၁) အရ အောင်ချိုဝင်းအား ဇွန် ၈ ရက်တွင် “အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ်” အမိန့်ချမှတ်ခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ကုလားကြီးစုကျေးရွာ ပုလဲအနောက်လမ်းရှိ နေအိမ်၌ မေ ၁၂ ရက် ညနေ ၃ နာရီခန့်တွင် ထွေးမောင်(ဘ)ဦးမြထင်နှင့် ၎င်း၏ ချွေးမဖြစ်သူ မနှင်းပွင့်ဖြူတို့သည် စကားများရန်ဖြစ်ရာမှ မနှင်းပွင့်ဖြူတွင် ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ - ၃၀၂(၂)အရ ထွေးမောင်အား ဇွန် ၈ ရက်တွင် “ အလုပ်နှင့် ထောင်ဒဏ် (၂၀)နှစ်” အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံမှ စစ်အခြေခံနှင့် ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူများအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၉

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် ရည်ရွယ်၍ လူငယ်များအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံတွင် အကြမ်းဖက်သင်တန်းများ တက်ရောက်စေပြီး အများပြည်သူလူထု သွားလာလှုပ်ရှားလျက်ရှိသည့် နေရာများကို မိုင်းထောင်တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များ၏ ပညာရေးကို ထိခိုက်စေရန် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်းများကို လူသားချင်းစာနာထောက်ထားမှုမရှိဘဲ လုပ်ဆောင်လျက်ရှိသည်။

လူချော

ကျော်နိုင်ဦး

ဇွဲပြည့်မောင်

ထိုသို့ လုပ်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်တွင် ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက် မိုးကောင်းလမ်းတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများထံမှ ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူ လူချော(၃၅)နှစ်၊ ကျော်နိုင်ဦး (၁၉) နှစ်နှင့် ဇွဲပြည့်မောင်(၁၇) နှစ်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဖမ်းဆီးရမိခဲ့သည်။

လူချော၏ ထွက်ဆိုချက်အရ ၎င်းသည် ကျုံပျော်မြို့နယ် မိုးမခကျေးရွာ မူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာ CDM ပြုလုပ်နေသူ တစ်ဦးဖြစ်ပြီး NLD ပါတီဝင် ဇော်မျိုးအောင်က ဦးစီး၍ ပြုလုပ်သော ကျုံပျော်မြို့နယ် ဆန္ဒပြပွဲများတွင် နေမျိုးထွန်း (ဖက်ကြီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကျောင်းအုပ်-CDM)၊ စိုးမိုးအောင် (ဒိုက်ပြတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ အထက်တန်းပြ-CDM)၊ စည်သူအောင် (မိကျောင်းအိုက်ကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်း၊ အလယ်တန်းပြ - CDM)တို့နှင့် အတူ ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ကာ မတ် ၁၂ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများထံ၌ ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် ၎င်းတို့ လေးဦးအား ဇော်မျိုးအောင်က PROBOX အဖြူရောင်ယာဉ်ဖြင့် ကျုံပျော်မြို့မှ ရန်ကုန်မြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းနောက် ရန်ကုန်မြို့မှ တောင်ငူမြို့သို့ စေတမာန်ယာဉ်လိုင်းဖြင့် လိုက်ပါခဲ့ကြောင်း၊ မတ် ၁၃ ရက်တွင် တောင်ငူမြို့မှ ဇရပ်ကြီးသို့ ထွက်ခွာခဲ့ပြီး ဇရပ်ကြီးတွင် စောအယ်ဗွီးက စောင့်ကြို၍ ဆိုင်ကယ်များဖြင့် သင်တန်းတက်ရောက်မည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနယ်မြေသို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၏ သင်တန်းနေရာသို့ သွားရောက်သည့် လမ်းကြောင်းပြမြေပုံ။

မတ် ၁၄ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သော ဖောက်ခွဲရေးသင်တန်း အမှတ်စဉ်(၁)အား ဖွင့်လှစ်ခဲ့ရာ၌ ၎င်းတို့ ပါဝင်တက်ရောက်ခဲ့ပြီး သင်တန်းတွင် လက်နက်ငယ် ဖြုတ်/တပ်ခြင်း၊ လက်လုပ်ဗုံး/မိုင်းဖောက်ခွဲခြင်း သင်ခန်းစာများအား လက်တွေ့သင်ကြားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ သင်တန်းဆင်းပြီးနောက် လူချောမှာ နေရပ်သို့ မပြန်ဘဲ စခန်း၌သာ ဆက်လက်နေထိုင်ခဲ့ကြောင်း၊ ယင်းနေရာ၌ အမှတ်စဉ်(၂)အား မေ ၁ ရက်မှ ၁၀ ရက်အထိ ထပ်မံဖွင့်လှစ်နေကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ တရားခံ ကျော်နိုင်ဦးနှင့် ဇွဲပြည့်မောင်တို့၏ ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦး သည် မေ ၁ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနယ်မြေတွင် ဖွင့်လှစ်သော ဖောက်ခွဲရေးသင်တန်းသို့ ရန်ကုန်မြို့မှ တောင်ငူမြို့သို့ စေတမာန်ယာဉ်လိုင်းဖြင့် သွားရောက်ခဲ့ပြီး ၎င်းမှ ဇရပ်ကြီးသို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း၊ ဇရပ်ကြီးတွင် CDM ပြုလုပ်၍ ၅၀၅-ကာ ထုတ်ပြန်ထားရှိသော NLD ပါတီ အားပေးထောက်ခံသူ ရှေ့နေ ဦးယုယချစ် (သင်တန်း တက်ရောက်လိုသူများအား ချိတ်ဆက်ပို့ဆောင်ပေးသူ)က ဆိုင်ကယ် နှစ်စီးဖြင့် လာရောက်ကြိုခဲ့ပြီး မုန်းမြို့-မဲဘုတ်-ကြောင်ပြာကျေးရွာ လမ်းအတိုင်း သင်တန်းဖွင့်လှစ်မည့် နေရာသို့ ရောက်ရှိခဲ့ကြောင်း၊ မေ ၂ ရက်မှ ၁၇ ရက်အထိ သင်တန်းသား စုံလင်မှုမရှိသဖြင့် စောင့်ဆိုင်းခဲ့ပြီး မေ ၁၈ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သည့် အမှတ်စဉ်(၃)အား တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

မေ ၂၆ ရက်တွင် လူချော၊ ကျော်နိုင်ဦး၊ ဇွဲပြည့်မောင်နှင့် အခြားသူ သုံးဦးတို့သည် သင်တန်းမှ မုန်း - ဇရပ်ကြီး - တောင်ငူ လမ်းကြောင်းအတိုင်း ခရီးသည်တင်ယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း၊ ဇွဲပြည့်မောင်၏ ထွက်ဆိုချက်အရ ၎င်းသည် စမ်းချောင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ခြံစည်းရိုးအနီး ပေါက်ကွဲမှုဖြစ်စဉ်နှင့် ရန်ကုန် - အင်းစိန်လမ်းမကြီး ဘူတာရုံလမ်းမှတ်တိုင်အနီး ပေါက်ကွဲမှုဖြစ်စဉ်တို့၌ ပါဝင်ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် တရားခံ သုံးဦးအား ကြိုတင်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မိုးညှင်းမြို့နယ်အတွင်း KIA အဖွဲ့က အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်

နေပြည်တော် ဇွန် ၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း မန္တလေးမြို့ဘက်မှ တနိုင်းမြို့သို့ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် အင်ဂျင်ဝိုင်ပီပါများ တင်ဆောင် ထွက်ခွာလာသည့် မော်တော်ယာဉ်တစ်စီးအား KIA အဖွဲ့က မိုင်းဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမြို့ဘက်မှ တနိုင်းမြို့သို့ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် အင်ဂျင်ဝိုင်ပီပါများ တင်ဆောင် ထွက်ခွာလာသည့် ဦးရဲဝင်း လိုက်ပါလာသည့် NISSAN အမျိုးအစား ၁၂ ဘီး ယာဉ်အမှတ် MDY- 9B/----- မော်တော်ယာဉ်သည် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် မိုးညှင်းမြို့နယ် နန့်ခမ်းရွာနှင့် နမ္မားကြီး တံတားအကြားသို့ အရောက်၌ KIA အဖွဲ့က မိုင်းတစ်လုံးဖောက်ခွဲခဲ့ပြီး မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်ကိုယ်ထည်၊ ရှေ့လေကာမှန်၊ တံခါးမှန်များနှင့် ကားဘီးများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယင်းသို့ လုပ်ဆောင်မှုများကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့လာရနိုင်သဖြင့် အဆိုပါလုပ်ရပ်အပေါ် ဒေသခံပြည်သူများက ရွံရှာစက်ဆုပ်လျက် ရှိကြောင်းနှင့် အဆိုပါ နေရာတစ်ဝိုက်အား လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၁၄ ဒသမ ၃၆၆ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ပစ္စတိုသေနတ် တစ်လက် ဖမ်းဆီးရမိ

စိုင်းလျှံနှင့် စိုင်းဟောင်ခမ်းတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၁၄ ဒသမ ၃၆၆ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ပစ္စတိုသေနတ် တစ်လက် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် ညနေ ၄ နာရီတွင် တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်ရှိ စိုင်းလျှံ(၅၈)နှစ်၏ ရော်ဘာခြံအတွင်းရှိ ဂိုဒေါင်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းဟောင်ခမ်း(၅၀)နှစ်တို့ကို ဒေသကာလတန်ဖိုး ငွေကျပ် ၁၄ ဒသမ ၃၆၆ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၂၅၅၄ တုံး အလေးချိန် ၈၉၃ ဒသမ ၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ သိန်းကျော်၊ အိုက်စ် ၁ ဒသမ ၆ ကီလို၊ ဘိန်းဖြူမှုန့် ၆၅၀ ဂရမ်၊ ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်ရှစ်တောင့်၊ ထိုင်းဘတ်ငွေ ၁၅ သိန်း၊ မော်တော်ယာဉ်မျိုးစုံ ၁၀ စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၉

မိန်းကလေးတစ်ဦးကိုတရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် နာပေါ်ကျေးရွာနေ မောင်အယ်ဖုန်း (ခ)ကျာဝက ကျိုင်းတုံမြို့နယ် နာဖီးဒယ်ကျေးရွာနေ မ---(၂၀ နှစ်)ကို လက်ထပ်ယူမည်ဟု လိမ်လည်စည်းရုံးပြောဆိုပြီး မိုင်းပျဉ်းမြို့နယ် နမ့်ငင်းကျေးရွာနေ မောင်ကျလော၊ မောင်ကျဖတို့နှင့် ပူးပေါင်း၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့မှုအား ကျိုင်းတုံမြို့မရဲစခန်း (ပ)၂၁၇/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ကျိုင်းတုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၇ ရက်တွင် တရားခံ မောင်အယ်ဖုန်း (ခ)ကျာဝ၊ မောင်ကျလောနှင့် မောင်ကျဖတို့ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈(က) အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပျော်ဘွယ်မြို့နယ် မန္တလေး - ရန်ကုန်ကားလမ်းဘေးရှိ စက်သုံးဆီအရောင်းဆိုင် မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဇွန် ၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မန္တလေး-ရန်ကုန်ကားလမ်းဘေးရှိ ပိုင်ရှင် ဦးစည်သူ၏ MGM စက်သုံးဆီ အရောင်းဆိုင်အတွင်း ဇွန် ၈ ရက်က ဆီဘောက်ဆာယာဉ်အတွင်း ကျန်ရှိသော 92 အောက်တိန်းဆီ ဂါလန် ၁၆၀၀ အား ဆိုင်ရှိ ဆီဘောက်ဆာအတွင်းသို့ ပလတ်စတစ်ပိုက်ဖြင့် ဆီဖြည့်တင်းဖလှယ်စဉ် တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုအား ရမည်းသင်းခရိုင် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ FOAM မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေဂါလန် ၃၂၀၀ ဆံ့ မီးသတ်အထောက်အကူပြုယာဉ် တစ်စီး၊ မိတ္ထီလာခရိုင် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေဂါလန် ၃၆၀၀ ဆံ့ မီးသတ်အထောက်အကူပြု ယာဉ်တစ်စီး၊ ပျော်ဘွယ်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် လေးစီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ ပြည်သာယာနယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ ယင်းတော်နယ်မြေ မီးသတ်စခန်း မှ မီးသတ်ရေသယ်ယာဉ် တစ်စီး စုစုပေါင်း မီးသတ်ယာဉ် ၁၆ စီး ဖြင့် မီးငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် 92 အောက်တိန်းဆီ ဂါလန် ၁၆၀၀ ခန့်နှင့် ဆီဘောက်ဆာယာဉ်တစ်စီး၊ LANFENG ဆီပန့်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့၍ MGM စက်သုံးဆီအရောင်းဆိုင် မန်နေဂျာအား ပျော်ဘွယ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောင်မျိုး

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇွန် ၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရေိယာ(၀ဒသမ ၁၄၆)ဧက၊ မြေကွက်အမှတ်(ဥ-၆၅၃၉)၊ ဦးမင်းသူ (ဘ)ဦးမောင်ဆန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအောင်သူဟိန်း ၉/တကက(နိုင်)၀၀၁၁၃၃(ဘ)ဦးခင်မောင်မြင့်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၃/၂၀၂၂(၁၄-၁-၂၀၂၂)တင်ပြ၍ ဒေါ်ခိုင်ခိုင်ဝါ ၆/မအရ(နိုင်) ၀၂၈၃၀၆(ဘ)ဦးအောင်မင်းအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေ စီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့၊ (၂)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည် (ပြင်ဈေးတောင်ရပ်)၊ ဦးပိုင်အမှတ်(၁၆၉ ^သ^)၊ မြေဧရိယာ (၀ဒသမ၀၁၅)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်- ဦးပိုင်အမှတ်(၁၆၉^ဒ^)

(ခ) အနောက်လားသော်- ဦးပိုင်အမှတ်(၁၆၉^န^)

(ဂ) တောင်လားသော်-လမ်း

(ဃ) မြောက်လားသော်- လမ်း

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင် အမည်ပြောင်း)ပေးရန် ရွှေဘိုမြို့၊ (၅)ရပ်ကွက်နေ ဒေါ်ချိုမီဇော်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၇-၇-၂၀၂၂ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
ရွှေဘိုမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/7797, Myo L/T U,Ton P/U(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၂/ဖဆန(နိုင်)၀၀၅၇၈၆ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး၊ (မိတ္ထီလာ)**

ဖခင်အမည်မှန်

သဃ်န်းကျွန်းမြို့နယ်၊ အထက(၁)၊ သတ္တမတန်းမှ မချစ်မြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးသူရဝင်း ၁၂/သကတ(နိုင်)၁၆၆၉၂၈ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/ခ)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ (၈)ရပ်ကွက်၊ ပါရမီလမ်း၊ ခြံအမှတ်(၅၈)၊ မြေကွက်အမှတ်(၁၉/ဖ^၁^+၁၉/ပ)၊ အကျယ်အဝန်း(၀.၀၆၀+၀.၁၂၀)ဧကရှိ ဦးမျိုးမြင့် နှင့် ဒေါ်အေးကြည်တို့အမည်ပေါက် မြေပိုင်မြေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များ ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူသား(၂)ဦးဖြစ်သူ ဦးဇော်မျိုးဦး(၁၂/ရကန(နိုင်)၀၃၀၃၇၄)နှင့် ဦးအောင်မျိုးမြင့်(၁၂/ရကန(နိုင်)၀၃၀၃၇၅)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)
Hein Htet San Law Firm

ဦးဇော်မျိုးနိုင်
LL.B, D.B.L,
အထက်တန်းရှေ့နေ(စဥ်-၄၅၆၅၃)
၀၉၅၅၀၆၁၄၆၊ ၀၉၂၅၀၂၉၀၇၈၁

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

လမ်းတံတားဌာန

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မန္တလေး(၆)မြို့နယ်အတွင်း လမ်းလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သောကတ္တရာအရည်ပြည့်(၆၀/၇၀) Drum Type ဝယ်ယူခြင်းအား (Open Tender)အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၉-၆-၂၀၂၂ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၆-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီ

တင်ဒါတစ်စောင်ဈေးနှုန်း - ၅၀၀၀၀/-

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းမည့်ပုံစံများရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း- ၀၂-၄၀၃၆၁၇၁၊ လိုင်းခွဲ- ၁၅၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လမ်းတံတားဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁(ခ)ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၅၅)၊ မြေဧရိယာ ၀ ဒသမ ၀၄၉ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ် (၁၀၂/၂၀၁၃-၂၀၁၄)အရ ဒေါ်ရှုတင်အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးထွန်းထွန်းဝင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၀/၂၀၂၀)ဖြင့် ဒေါ်ဆုကလျာထွန်းဦး၊ ဦးအောင်ကျော်ကျော်ဖြိုးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ဆုကလျာထွန်းဦး ၆/မမန(နိုင်)၁၈၅၀၇၁၊ ဦးအောင်ကျော်ကျော်ဖြိုး ၆/မမန(နိုင်)၁၈၅၀၇၂တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၇၁၄/က)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ) ရှိ ဒေါ်သက်သက်နိုင်(၁၄/ဟသတ(နိုင်) ၁၈၀၃၂၄) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သက်သက်နိုင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိ စေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,

ဦးပြည့်ဖြိုးအောင်
LL.B,

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)
Hein Htet San Law Firm ဖုန်း - ၀၉၅၅၀၆၁၄၆၊ ၀၉၄၂၀၁၂၄၀၀၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၎)မြေကွက်အမှတ်(၁၀၃/ခ)မြေကွက်တည်နေရာအမှတ်(၁၀၃/ခ)သန္တာ(၁၁)လမ်း(၎)ရပ်ကွက်၊ ဦးတင်ဝင်း(WAW-၀၀၉၂၀၀)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးတင်ဝင်းကိုတရားမြင်ထားကာဦးကျော်စိုးသူမှတရားလိုပြုလုပ်၍ ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုစွဲဆိုသည့် မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၂၃/၁၅)၏စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၄၅/၁၉)၏အမိန့်တို့တင်ပြ၍မူလမည်ပေါက်ဦးတင်ဝင်း(တရားရှုံး)ကိုယ်စား ဘီးလစ် ဒေါ်သုဇာ(၆/ထဝန(နိုင်)၀၂၆၁၄၃)မှဘီးလစ်ခန့်စာအမည်ပေါက်ဂရန်မူရင်းတို့နှင့်အတူအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇-ရက်)အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁/ထုပါရုံ၊မြေကွက်အမှတ်-၁၅၂၇/ခ၊ မြေဧရိယာ(၂၀'×၆၀')မြေကွက်တည်နေရာအမှတ်-၁၅၂၇၊မြင်တော်သာလမ်း၊၁/ထုပါရုံရပ်ကွက်၊သာကေတမြို့နယ်ဦးလှဝင်း(ခ)AKAYA(၇/ဝမန(ပြု)၀၀၀၀၀၈)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဦးလှဝင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် OHMMA@OHMMA YANI@NILAR WIN(၇/ပခန(ပြု)၀၀၁၀၂၅)မှတစ်ဦးတည်းသောဇနီးသေတ်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထပ်ဆင့်ကျမ်းကျိန်လွှာ၊သေစာရင်း၊ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကမ္ဘာပေါ် ရှိ ထိုင်ဝော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း



၁။ နိုင်ငံတော်စိမ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒကွိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေရာလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁)	အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု	-	၈၂၀	သိန်း	(၉)	မြန်မာမှု တစ်ဖက်လှံခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင်	-	၃၁	သိန်း	(၁၇)	လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင်	-	၁၀	သိန်း
(၂)	အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင်	-	၆၇၆	သိန်း	(၁၀)	စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင်	-	၄. ၇	သိန်း	(၁၈)	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	-	၄၉၄	သိန်း
(၃)	ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု	-	၄၃၂၁	သိန်း	(၁၁)	ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင်	-	၂	သိန်း	(၁၉)	Garden Light(၁ မီတာ) ၁ တိုင်လျှင်	-	၁.၂	သိန်း
(၄)	ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင်	-	၈၀၅	သိန်း	(၁၂)	ကွန်ကရစ် ၈ လက်မထူခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင်	-	၃. ၆	သိန်း	(၂၀)	ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင်	-	၁၈၅	သိန်း
(၅)	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင်	-	၇၂	သိန်း	(၁၃)	မြောက်ဘက်မုခ်ပင်မလေ့ကား(မြန်မာမှုပါ) ၁ စင်း	-	၁၉၁၄	သိန်း	(၂၁)	ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင်	-	၄၈	သိန်း
(၆)	မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင်	-	၇	သိန်း	(၁၄)	အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လေ့ကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင်	-	၄၉၀	သိန်း	(၂၂)	ဓမ္မာရုံ(မီး/ရေ) ၁ လုံး	-	၁၉၅	သိန်း
(၇)	မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင်	-	၁၅	သိန်း	(၁၅)	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင်	-	၁၉၃	သိန်း	(၂၃)	သုဓမ္မာဇရုပ်(မီး) ၆ လုံး၊ ၁ လုံးလျှင်	-	၄၁	သိန်း
(၈)	မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင်	-	၄. ၁	သိန်း	(၁၆)	ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင်	-	၁၃၂၂	သိန်း	(၂၄)	မော်ကွန်းတိုက်(မီး) ၁ လုံး	-	၄၁	သိန်း
										(၂၅)	ဇာတ်ရုံ(မီး/ရေ) ၁ လုံး	-	၉၉	သိန်း
										(၂၆)	ဂေါပကရုံး(မီး/ရေ) ၁ လုံး	-	၁၁၀	သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၇၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော — ၀၉-၆၅၁၁၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် — ၀၉-၄၂၉၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆

အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

၂၀၂၁ ခုနှစ်၊ ဧပြီလ အလှူရှင်စာရင်း

၁၈၉။ ဒေါ်ဝင်းရီ — နေပြည်တော် — ၉၀၀၀၀၀
(မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်းနှင့်ကြွေပြားလှူဒါန်း)

၁၉၀။ ဦးတင်မောင်ရွှေ+ဒေါ်ခင်မိုးအောင် — လားရှိုးမြို့ — ၇၀၀၀၀၀
(မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်းလှူဒါန်း)

၁၉၁။ ဗိုလ်မှူးစိုးသိန်း+ဒေါ်တင်တင် — ရန်ကုန်မြို့ — ၇၀၀၀၀၀
(မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်းလှူဒါန်း)

၁၉၂။ ဦးသက်ထွန်း+ဒေါ်စန်းရွှေ — နေပြည်တော် — ၃၀၀၀၀၀

၁၉၃။ ဗိုလ်ကြီးဇော်ဝင်းထွန်း+ဒေါ်အေးအေးခိုင် — နေပြည်တော် — ၁၀၀၀၀၀

၁၉၄။ ဦးလှစိန်+ဒေါ်စိုးစိုးမော် — နေပြည်တော် — ၅၀၀၀၀

၁၉၅။ ဦးတင်အောင်+ဒေါ်စန်းစန်း — ရန်ကုန်မြို့ — ၁၀၀၀၀၀

၁၉၆။ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)+ ဒေါ်တင်တင်လှ သားသမီးမြေးတစ်စု — ရန်ကုန်မြို့ — ၄၆၅၀၀၀၀၀
(ဂန္ဓကုဋိတိုက်ပထမအကြိမ်လှူဒါန်း)

၁၉၇။ ဦးသန်းငြိမ်း+ဒေါ်ခင်သွယ်သွယ်မြင့် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်) — နေပြည်တော် — ၁၀၀၀၀၀၀

၁၉၈။ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုမှ (ပထမအကြိမ်)အလှူငွေ — နေပြည်တော် — ၁၀၀၀၀၀၀၀

၁၉၉။ ဦးရွှေတင်+ဒေါ်နန်းလှရှင် — မိုင်းရှားမြို့ — ၅၀၀၀၀၀

၂၀၀။ ဗိုလ်ကြီးကျော်ထူး — ရန်ကုန်မြို့ — ၂၀၀၀၀၀

၂၀၁။ ဦးကိုဝင်း+ဒေါ်လှလှဝေ — ရန်ကုန်မြို့ — ၁၀၀၀၀၀

၂၀၂။ ဗိုလ်ကြီးဇော်ဝမ်း+ဗိုလ်ကြီးဒေါ်ကြည်အေး — ပြည်မြို့ — ၁၅၀၀၀၀

၂၀၃။ ဦးသိန်းလွင် — ပြည်မြို့ — ၂၀၀၀၀၀

၂၀၄။ ဦးမြတ်ထွန်း(ခ)ဦးကျောက်မဲ — ပြည်မြို့ — ၂၀၀၀၀၀

၂၀၅။ ဦးခင်မောင်ဝင်း — ပြည်မြို့ — ၁၀၀၀၀၀

၂၀၆။ ဦးအောင်လွင်မိုး၊ ဦးဆန်းသစ်ကျော်၊ ဦးကျော်ခိုင် — မြဝတီမြို့ — ၃၀၀၀၀

၂၀၇။ ဒေါ်မိုးမြတ်သိရိဝင်း — ရန်ကုန်မြို့ — ၁၀၀၀၀

၂၀၈။ ဦးဝင်းအောင်+ဒေါ်ခင်မြင့် — ရန်ကုန်မြို့ — ၅၀၀၀၀

၂၀၉။ ဗိုလ်ကြီးငြိမ်းကျော်လင်း — ရန်ကုန်မြို့ — ၂၀၀၀၀

၂၁၀။ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း(ရေ)(ငြိမ်း)+ဒေါ်အေးအေး၊ သား မောင်အေးချမ်း၊ သမီး Dr. သီတာအေး၊ Dr. ရည်မွန်အေး — နေပြည်တော် — ၃၆၀၀၀၀၀

၂၁၁။ ဗိုလ်မှူးသိန်းမြင့်+ဒေါ်မေဇင်ဦး — ရန်ကုန်မြို့ — ၃၀၀၀၀

၂၁၂။ ဒေါ်ယုဝါဝါမြင့်(အင်းဝဘဏ်) — ကျောက်ပန်းတောင်းမြို့ — ၁၀၀၀၀

၂၁၃။ ဗိုလ်မှူးညီညီစိုး — ရန်ကုန်မြို့ — ၁၀၀၀၀၀၀

၂၁၄။ ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်(ရေ)(ငြိမ်း)+ Dr. ဒေါ်နန်းဦး — ရန်ကုန်မြို့ — ၁၀၀၀၀၀၀

၂၁၅။ ဦးသန်းဝင်း+ဒေါ်စောသီတာဝင်း သမီး မငြိမ်းငြိမ်းအေး၊ သား မောင်ကျော်သူရ — နေပြည်တော် — ၅၀၀၀၀၀၀၀

၂၁၆။ ဦးအောင်လှိုင်+ဒေါ်အလှ — ကျောက်ပန်းတောင်း — ၆၀၀၀၀

၂၁၇။ ဦးကျော်ဝင်း(ဧရာမင်းသား) — ရန်ကုန်မြို့ — ၁၀၀၀၀၀၀၀

၂၁၈။ ဒေါ်ပွင့်မာခိုင် — ရန်ကုန်မြို့ — ၁၀၀၀၀၀၀၀

၂၁၉။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ — နေပြည်တော် (မြန်မာမှုတစ်ဖက်လှံခြံစည်းရိုးလှူဒါန်း) — ၇၄၃၂၅၀၀

၂၂၀။ ဒေါ်သင်းသင်းရီ — ဗန်းမော်မြို့ — ၁၀၀၀၀၀

၂၂၁။ ကွယ်လွန်သူဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အုံးအား ရည်စူး၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)နှင့် သားသမီးမြေးမိသားစုကောင်းမှု — နေပြည်တော် — ၅၀၀၀၀၀၀

၂၂၂။ ဒုတိယဗိုလ်မှူးကြီးသန်းထိုက် — မြစ်ကြီးနားမြို့ — ၅၅၀၀၀၀၀

၂၂၃။ ဦးအောင်သိန်း+ဒေါ်အုန်းကြည် — မြစ်ကြီးနားမြို့ — ၃၁၀၀၀၀၀ (မြန်မာမှုတစ်ဖက်လှံခြံစည်းရိုးလှူဒါန်း)

၂၂၄။ ဗိုလ်မှူးချုပ်ခင်ညွန့်(ငြိမ်း)+ ဒေါ်မြမြဝေမိသားစု — ရန်ကုန်မြို့ — ၃၀၀၀၀၀၀

၂၂၅။ အင်းဝဘဏ်(ပျော်ဘွယ်)မှဝန်ထမ်းများ — ပျော်ဘွယ်မြို့ — ၁၇၀၀၀၀

၂၂၆။ ဗိုလ်ကြီးကျော်စွာထွန်း — မြစ်ကြီးနားမြို့ — ၂၀၀၀၀

၂၂၇။ အောင်သစ္စာဦးအထွေထွေအာမခံ လုပ်ငန်း — ရန်ကုန်မြို့ — ၁၉၁၀၀၀၀

၂၂၈။ ဒေါ်ခင်အေးညွှန့် — ပျော်ဘွယ်မြို့ — ၃၀၀၀၀

၂၂၉။ ဗိုလ်ကြီးအောင်စောထွန်း — မြိတ်မြို့ — ၁၀၀၀၀

၂၃၀။ ဗိုလ်မှူးချုပ်သန်းညွှန့်(ငြိမ်း)+ဒေါ်လှကြည် (မဟာရံတံတိုင်းထောင့်တိုင်လှူဒါန်း) — ရန်ကုန်မြို့ — ၁၅၀၀၀၀၀

၂၃၁။ ဒုတိယဗိုလ်မှူးကြီးအောင်စံလင်း — ရန်ကုန်မြို့ — ၅၀၀၀၀

၂၃၂။ ဦးလှဝင်းဘို — ရန်ကုန်မြို့ — ၁၀၀၀၀၀

၂၃၃။ ဒေါ်အိအိမိုး — မော်လမြိုင်မြို့ — ၃၂၅၀၀

၂၃၄။ ဒေါ်သီတာလင်း — ရန်ကုန်မြို့ — ၁၀၀၀၀၀

၂၃၅။ ဒေါ်သန်းအို(မိခင်)၊ ဒေါ်အေးအေးခိုင်မိသားစု — ရန်ကုန်မြို့ — ၂၀၀၀၀၀

၂၃၆။ ဦးကိုကို+ ဒေါ်တင်တင်ညွှန့် မိသားစု (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန) — နေပြည်တော် — ၁၀၀၀၀၀၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး
မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့(၂)နှစ်သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန အောက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၌ ၂၀၂၂-ခု ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားမည့် မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ (၂)နှစ် သင်တန်းသို့ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

၂။ အရည်အချင်းသတ်မှတ်ချက်
- (က) တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M)ရရှိထားသူဖြစ်ရမည်။
- (ခ) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ ပုံမှန်ရရှိပြီး လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်း (သို့) လျှောက်လွှာပိတ်သည့်ရက်တွင် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပေါင်းကူး) ဘွဲ့ရရှိထားပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
- (ဂ) သင်တန်းတက်ရောက် အောင်မြင်ပြီးပါက (၅)နှစ်ဆက်တိုက် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာများကို တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ရုံးခန်းများနှင့် ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီးတို့တွင် ရယူနိုင်ပါသည်။ (သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။)

၄။ လျှောက်လွှာပိတ်ရက်မှာ (၂၅-၆-၂၀၂၂) ရက် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို တိုင်းရင်းဆေးတက္ကသိုလ်-မန္တလေးမြို့၊ ဘွဲ့လွန်စာမေးပွဲဌာနသို့ ပေးပို့လျှောက်ထားရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ ၅-၇-၂၀၂၂ရက် (တနင်္လာနေ့) ဖြစ်ပါသည်။

၇။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် တိုင်းရင်းဆေးပညာမဟာဘွဲ့လွန် (၂)နှစ် သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ်-၁၀၀၀/- (ကျပ်-တစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ် ငွေစာရင်းအမှတ်-MD-013136 သို့ ပေးသွင်းရမည်။

[မှတ်ချက်။ မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ် ငွေစာရင်းအမှတ်- MD-013136 သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။]

၈။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့လွန်စာမေးပွဲဌာနနှင့် မော်ကွန်းထိန်းရုံးခန်းများတွင် ဖုန်းနံပါတ်-၀၂-၄၀၇၅၆၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
အဆောက်အဦဦးစီးဌာန
အဆောက်အဦအထူးအဖွဲ့(၆)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်စဉ်(၄)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၆)မှ (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းတို့တွင် အသုံးပြုရန်အတွက် လိုအပ်နေသော စံချိန် စံညွှန်းမီ အရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်	- ၂၂-၆-၂၀၂၂ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်	- ၂-၇-၂၀၂၂ရက် ညနေ ၄:၃၀နာရီ
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်	- ထပ်မံကြေညာပါမည်။
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ	- ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ အဆောက်အဦအထူးအဖွဲ့(၆) ရုံး၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၂-၄၀၇၆၃၆၄၊ ၀၉-၇၉၅၃၀၀၆၉၇တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/1592 ,TOYOTA PROBOX NCP 50 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လင်း ၁၂/ပဘတ (နိုင်) ၀၁၀၈၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/5977 KHANT L/T(1)TON P/U(4x2)RHD ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၂/ဒပန (နိုင်)၀၄၅၈၆၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းနှင့်ဌာနများတွင် လစ်လပ်လျက်ရှိသော အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့်ဌာနများ၊ Fashion Technology၊ Food Science and Technology နှင့် Hotel & Tourism သက်မွေးသင်တန်းများ ဖွင့်လှစ်မည့် ကျောင်းများအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းနှင့်ဌာနများတွင် လျှောက်လွှာတင်သွင်း နိုင်ပါသည်-

စဉ်	ရာထူး၊ လစာနှုန်း	ပညာအရည်အချင်း	ခန့်အပ်မည့် ဦးရေ
(က)	နည်းပြ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)	B.E (Civil, EC, EP, Mech, Chemical, IT,MC,Textile)	(၃၁၅)ဦး
		M.A/M.Sc(Myan, Eng, Maths, Phys, Chemistry, IC)	(၁၀၄)ဦး
		B.Agr.Sc	(၁၀)ဦး
		Bachelor of Business Management (BBM)၊ Bachelor of Tourism and Hospitality Management (BTHM)၊ BA(Tourism)ဘွဲ့ရ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီးဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပညာရပ်တွင် ဒီပလိုမာ(သို့)သင်တန်းဆင်းလက်မှတ် တစ်ခုခုရရှိပြီးသူ	(၄၀)ဦး
(ခ)	ဓါတ်ခွဲခန်းကျွမ်းကျင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	AGTI(Civil, EC, EP, Mech, IT) ဒီပလိုမာလက်မှတ်ရရှိသူ	(၂၆၅)ဦး

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား အလုပ်လျှောက်လွှာခေါ်ယူသွားမည်ဖြစ်ပါသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၃၀-၆-၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်)ထက် မကျော်သူဖြစ်ရမည်။
- (ဂ) နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော သင်ကြား(နေ့စား)ဖြစ်ပါက(၃၀-၆-၂၀၂၂) ရက်နေ့တွင်အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) လုပ်ငန်းလိုအပ်ချက်အရ တိုင်းရင်းသား/ဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားမည်။
- (င) ရွေးချယ်ခံရသူများသည် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် တစ်ဆက်တည်း လုပ်သက်အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်းနှင့် ဒေသမရွေးတာဝန်ထမ်းဆောင်ရမည် ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။
- (စ) ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်သူဖြစ်ရမည်။
- (ဆ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ကျောင်းနှင့်ဌာနများတွင် ထုတ်ယူ၍ လျှောက်လွှာများကို(၁-၇-၂၀၂၂)ရက်နေ့ နောက်ဆုံးထားပြီး အောက်ဖော်ပြပါ စာရွက်စာတမ်းများပူးတွဲလျက် နီးစပ်ရာ ကျောင်းများသို့ တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်-
- (က) ဘွဲ့လက်မှတ်/ AGTIဒီပလိုမာလက်မှတ်/ဘွဲ့တစ်ခုခုရရှိပြီးဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆိုင်ရာပညာရပ်တွင် ဒီပလိုမာ(သို့) သင်တန်းဆင်းလက်မှတ်တစ်ခုခု/မိတ္တူ။
- (ခ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့ ဓာတ်ပုံ(၃)ပုံ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် မှတ်ပုံတင်မိတ္တူ။
- (ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဌာနအဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုကြောင်းထောက်ခံချက် မူရင်း/မိတ္တူ။
- (ဃ) ဝန်ထမ်းမဟုတ်သူများအတွက် (၁)နှစ်အတွင်း ပြုလုပ်ထားသော သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်မိတ္တူ။
- (င) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။
- (စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း။
- (ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း။

၄။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး အချိန်မီစေရန် လျှောက်လွှာ တစ်စောင်ကို ကြိုတင်မိတ္တူဟုရေးသားပြီး ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နည်းပညာ၊ သက်မွေး ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနသို့ ပေးပို့နိုင်ပါသည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာ ကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့်ဌာနများတွင် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး၊ အောင်မြင်လျှင် လူတွေ့စာမေးပွဲ ဖြေဆိုရမည်။

၆။ ဓါတ်ခွဲခန်းကျွမ်းကျင်(၄)ရာထူးနေရာအတွက် လျှောက်ထားလာသူ AGTI ဒီပလိုမာ လက်မှတ် ရများအား လူတွေ့စစ်ဆေးမှု ပြုလုပ်မည် ဖြစ်ပါသည်။

၇။ လူတွေ့စစ်ဆေးချိန်တွင် (ဘွဲ့လက်မှတ်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဒီပလိုမာ(သို့) သင်တန်းဆင်းလက်မှတ်၊ AGTI ဒီပလိုမာလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်) မူရင်းများ တင်ပြနိုင်ရမည်။

၈။ ရေးဖြေအောင်မြင်သူစာရင်းနှင့် အလုပ်ခန့်အပ်ခြင်းခံရသူများစာရင်းအား နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများ တွင် ကြေညာသွားမည် ဖြစ်ပါသည်။

၉။ လျှောက်လွှာနှင့်စပ်လျဉ်း၍ စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင် သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစား မည် မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲ စစ်ဆေးမှုအား အောက်ဖော်ပြပါအတိုင်း ကျင်းပသွားမည် ဖြစ်ပါသည်-

စဉ်	ဖြေဆိုရမည့်ဘာသာရပ်	နေ့ရက်	အချိန်
(က)	မြန်မာစာ	(၃-၇-၂၀၂၂)	နံနက် ၁၀:၀၀နာရီ မှ ၁၂:၀၀နာရီ အထိ
(ခ)	အထွေထွေဗဟုသုတ/ ဘာသာရပ်	(၃-၇-၂၀၂၂)	မွန်းလွဲ ၀၁:၀၀နာရီ မှ ၀၃:၀၀နာရီ အထိ
(ဂ)	အင်္ဂလိပ်စာ	(၄-၇-၂၀၂၂)	နံနက် ၁၀:၀၀နာရီ မှ ၁၂:၀၀နာရီ အထိ

မှတ်ချက်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မိမိလျှောက်ထားသည့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ကျောင်းနှင့်ဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
တန်ဖိုးမြင့်၊ တန်ဖိုးသင့်တိုက်ခန်းများ ဝယ်ယူလျှောက်ထားနိုင်ကြောင်း ကြေညာခြင်း

အောက်ဖော်ပြပါ အိမ်ရာစီမံကိန်းများရှိ တိုက်ခန်းများကို ငွေအကျေပေးသွင်း၍ ဝယ်ယူရမည်ဖြစ်ပြီး ငွေသားဖြင့်ဖြစ်စေ၊ Payment Order (PO) Cheque ဖြင့်ဖြစ်စေ၊ CHID Bank ဖြင့် ချိတ်ဆက်၍ဖြစ်စေ ၁၇-၆-၂၀၂၂ရက်မှ ၂၅-၆-၂၀၂၂ရက်အထိ မျက်မြင် အခြေအနေအတိုင်းရောင်းချပေးမည်ဖြစ်ပါသည်-

စဉ်	မြို့နယ်/အိမ်ရာစီမံကိန်းအမည်	အခန်း အမှတ်	ဧရိယာ (စ/ပေ)	သတ်မှတ် တန်ဖိုး ကျပ်(သိန်း)	မှတ်ချက်
၁။	**တန်ဖိုးမြင့်အိမ်ရာ**				
	(က)ကျောက်တံတားမြို့နယ် အမှတ် (၁၅၈) (၃၈)လမ်း၊	၅၀၁	၄၈၇.၅	၃၄၅	(၂)ခန်းတွဲ(၆)ထပ်၊ Hall Type
	(ခ)ပုဇွန်တောင်မြို့နယ် အမှတ် (၃၆၃) အောက်ပုဇွန်တောင်လမ်း၊	၆၀၁	၁၀၈၀	၆၅၀	(၂)ခန်းတွဲ(၈)ထပ်၊ Hall Type ဓာတ်လှေကားပါ၊ ကားပါကင်မပါ
	(ဂ)ပန်းဘဲတန်းမြို့နယ် အမှတ် (၇၀/၇၂)၊ လမ်း (၃၀)	၈၀၁	၄၉၀	၄၉၀	(၁)ခန်းတွဲ (၈)ထပ် (Penth House) Hall Type ဓာတ်လှေကားပါ၊ ကားပါကင်မပါ
	(ဃ)ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းနှင့် လင့်လမ်းထောင့် ရွှေဂုံ(လင့်လမ်း)အိမ်ရာ	B-၅၀၂ C-၂၀၆ C-၃၀၇ C-၄၀၆ C-၅၀၆	၁၈၂၃ ၁၉၂၃ ၂၀၆၈ ၁၉၂၃ ၁၉၂၃	၃၂၉၉.၆၃ ၂၈၈၄.၅၀ ၃၁၀၂.၀၀ ၂၈၈၄.၅၀ ၂၈၈၄.၅၀	(၈)ခန်းတွဲ (၆)ထပ်၊ ဓာတ်လှေကားပါ၊ ကားပါကင်ပါ
	(င) ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း၊ ဗန္ဓုလအိမ်ရာ	D-၆၀၃	၁၅၂၅	၁၁၅၂	(၄)ခန်းတွဲ (၈)ထပ်၊ Room Type ဓာတ်လှေကားပါ၊ ကားပါကင်မပါ
၂။	**တန်ဖိုးသင့်အိမ်ရာ**				
	(က)မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံအိမ်ရာ	ပထမထပ် ဒုတိယထပ် အခန်းများ (၁၄)ခန်း	၁၀၀၀	၃၃၅ သိန်းမှ ၃၇၅ သိန်း အထိ	(၄)ခန်းတွဲ (၃)ထပ် (Shop House) Hall Type

စိတ်ပါဝင်စားသူများအနေဖြင့် သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ DUHD Sale Housing Facebook Page တွင်လည်းကောင်း၊ အမှတ် (၂၂၈-၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(တိုင်းရုံး)၊ အရောင်းပြခန်းတွင်လည်းကောင်း၊ ဖုန်း-၀၁-၈၃၉၂၅၄၊ ၀၁-၈၂၄၅၆၈၆ သို့လည်းကောင်း ကြည့်ရှု၊ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ မြေကွက်အမှတ် (၂၆၁)၊ မြေအကျယ်အဝန်း (၄၀ × ၆၀)၊ ဧရိယာ (၀.၀၅၅) ဧက၊ စတုရန်းပေ (၂၄၀၀)၊ နှစ် (၆၀) ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

၁။ အထက်ရည်ညွှန်းအတိုင်းဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ မြေကွက်တရားဝင်အမည်ပေါက်သူ ဦးဝင်းကြည်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဆောင်းထွန်း (၁၂/မဂတ (နိုင်) ၀၈၂၁၁၅) မှ အထူးကိုယ်စားလှယ်လွှဲစာဖြင့် တရားဝင်လွှဲပြောင်းရောင်းချရန် ကျမ်းကျိန်ဆိုချက်ပြု၍ ကမ်းလှမ်းခဲ့မှုအပေါ် လက်ခံ၍ မြေကွက်ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသအား (၄-၆-၂၀၂၂) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်နှင့်မြေအရောင်းအဝယ်စရံငွေပေးကတိစာချုပ်ဖြင့် စာချုပ်ပါအသိသက်သေလူကြီးများ ရှေ့မှောက်စာချုပ် ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုသို့ အရောင်းအဝယ်ပြုရန် ဆောင်ရွက်သည့်ကိစ္စရပ်အပေါ် ပိုင်ရေး၊ ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ၊ မည်သူမဆို အထောက်အထားစာမှတ်စာတမ်း၊ အခိုင်အလုံနှင့် ကျွန်ုပ်တို့ထံသို့ ဤကြေညာချက် သတင်းစာမှ ပါရှိသည့်နေ့/ရက်မှ စတင်၍ (၇) ရက်ပြည့်မြောက်သည့်နေ့/ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပြီးသည့်နောက် ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာမှုပြုအပ်ပါသည်။

ညွှန်ကြားချက်အရ -

ဦးချစ်ကိုကို	ဦးအောင်ပြည့်ဖြိုးလွင်	ဦးအောင်လှိုင်ဇော်	ဦးကျော်ဇင်သန့်
(စဉ် - ၂၈၀၃/၈၄)	(စဉ် - ၁၄၄၄၁)	(စဉ် - ၅၁၁၆၆)	(စဉ် - ၅၃၂၆၆)
တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁-၂၅၂၉၂၄၊ ၀၉-၅၁၀၁၂၈၂

ဖခင်အမည်မှန်

မကွေးမြို့၊ အလက(ရဲကျောင်း) Grade-3 မှ မအိမ့်သဲဖြူ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ထက် ၈/မကန(နိုင်) ၁၄၄၉၈၃ ဖြစ်ပါကြောင်း။

ဦးသိန်းဇော်ထက်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/3067, SUZUKI CARRY PICKUP(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖူးလှ(ခ)အေးအေးဝင်း ၉/မရမ(နိုင်)၀၃၇၇၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

